ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ သောကြာနေ့။ Friday, 19 January 2024 ၁၁၃၄၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



## နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim သည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထို့နောက် မြန်မာ-အီဂျစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

## ယနေ့ ဖတ်စရာ

MNDAA၊ TNLA၊ KIA၊ AA၊ PDF တို့ကား EAO အဆင့်မရှိကြတော့ပေ။ တိုင်းရင်းသားအားလုံး အကျိုးစီးပွားအတွက် ပုန်ကန်ခြင်းမဟုတ်။ စစ်ဘုရင်လုပ်ပြီး မူးယစ်ဆေး၊ လက်နက်စက်ရုံတို့ဖြင့် စီးပွားဖြစ်လုပ်လိုကြသူများသာဖြစ်သည်။ ထိုအဖွဲ့များသည် ထိပ်ဆုံးမှ ကိုးကန့်အကြမ်းဖက်များကအစ မူးယစ်ဆေး အချိုကြီး၊ လောင်းကစားမှု အကြီးအကျယ်၊ ပြည့်တန်ဆာလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့်လုပ်နေကြပြီး ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ လူပြန်ပေးဆွဲတို့လုပ်လာသဖြင့် အနောက်နိုင်ငံများမှ မာဖီးယားလူဆိုးရာဇဝတ်ကောင်ဂိုဏ်းများစွာနှင့် အလားတူသဖြင့် အရှေ့တောင် မာဖီးယားဂိုဏ်းများဟုသာ ခေါ်ရပေတော့မည်

ဆောင်းပါး စာမျက်နှာ » ၈

စည်းကမ်းမလိုက်နာသူ YBS ယာဉ်မောင်းများကို ထုတ်ပယ်မှုများ ဆောင်ရွက်နေ၍ လိုအပ်နေသည့် ယာဉ်မောင်းနေရာများအတွက် အစားထိုးရန် ယာဉ်မောင်းသင်တန်းသားများ ခေါ်ယူထား

စာမျက်နှာ » ၆

MGMA က ကြီးမှူးဖွင့်လှစ်သည့် အခြေခံမော်တာ စက်ချုပ်သင်တန်းမှတစ်ဆင့် လူဦးရေသောင်းဂဏန်းဝန်းကျင်အထိ အလုပ်အကိုင် ချိတ်ဆက်ပေးနိုင်ခဲ့

စာမျက်နှာ » ၁၂

ကြေးမုံ

# မှန်ကန်သောအသိဖြင့် ပိုင်းခြားဝေဖန်ရှုမြင်

လောကလူမှုပတ်ဝန်းကျင်တွင် အကောင်းနှင့် အဆိုး နှစ်မျိုးဒွန်တွဲလျက်ရှိသည်။ လူ၏သဘာဝသိလိုစိတ်အရ ထူးခြားသည့်ကောင်းသတင်း၊ မကောင်းသတင်း အားလုံးတို့ကို သိလိုကြသော်လည်း သတင်းနယ်ပယ်၌ ကောင်းသတင်းထက် မကောင်းသတင်းကို လူတို့ပိုမိုစိတ်ဝင်စားသည်ဟုဆိုသည်။ မကောင်းသတင်းသည် သတင်းရေချိန်အရ မြင့်မားသော်လည်း အများပြည်သူတို့၏ စိတ်နှလုံးကို ထိခိုက်စေသဖြင့် သတိပြုဆင်ခြင်နိုင်ရန် လိုက်နာရမည့်ကျင့်ဝတ်များပြဋ္ဌာန်းထားသည်။

သို့သော် မသမာသူများ၊ အဖွဲ့အစည်းနှင့် သတင်းမီဒီယာအချို့က လူတို့သိလိုမှုကို အသုံးချ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့်အရေးအရာကိစ္စများတွင် လိမ်ညာလှည့်ဖြား မဟုတ်မမှန်ဆောင်ရွက်မှုများ ရှေးယခင်ကာလမှ ယခုအချိန်အထိ ရှိနေဆဲဖြစ်သည်။ ရှိသော်ငြားလည်း အများပြည်သူတို့ စိတ်ခံစားမှု၊ ဆင်ခြင်တရားနှင့် ပိုင်းခြားချင့်ချိန်နိုင်မှုကြောင့် စိတ်ဝင်စားမှု ပြန်လည်လျော့ကျလာသည်လည်းရှိသည်။ မည်သို့ပင်ဖြစ်စေ အကြောင်းအရာတစ်ခုအပေါ် ကောင်း၏၊ မကောင်း၏ ခွဲခြားဆင်ခြင်နိုင်စွမ်းရှိရမည်ဖြစ်သည်။

မျက်မှောက်ကာလ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ထွန်းကားလာသောအခါတွင် လူမှုကွန်ရက်မျက်နှာစာများပေါ်၌ ကောင်းသတင်းများ၊ မကောင်းသတင်းများ စုံလင်စွာတွေ့မြင်ကြားသိလာရသည်။ ကောင်းသတင်းများအတွက် ဝမ်းမြောက်ပီတိဖြစ်ကြရသလို မကောင်းသတင်းများနှင့်ပတ်သက်၍ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ကြရသည်။ အထူးသဖြင့် မသမာသူများ၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပြည်ဖျက်မီဒီယာများထုတ်လွှင့်ကြသောသတင်းများတွင် နေ့စဉ်နှင့်အမျှ မဟုတ်မမှန်သတင်းများ၊ ပုံကြီးချဲ့ကားသတင်းများ၊ ကောလာဟလသတင်းများကို တွေ့ကြရသည်။

မဟုတ်မမှန်သတင်းများ၊ ပုံကြီးချဲ့ကားသတင်းများ၊ ကောလာဟလသတင်းများသည် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုထိခိုက်မှုကို ဦးတည်စေသည့်အပြင် နိုင်ငံပျက်စီးရာပျက်စီးကြောင်းအထိပင်ဖြစ်တတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ၁၉၈၈ ခုနှစ်ကာလများက တိုင်းပြည်အဘက်ဘက်၌ အားနည်းနေသည်ကို အကြောင်းပြု၍ ပြည်ပအခြေစိုက်မီဒီယာကြီးများက သတင်းတု၊ သတင်းမှား၊ ပုံကြီးချဲ့ကားသတင်းများ အဆက်မပြတ်ထုတ်လွှင့်ကာ အချင်းချင်းစည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ တိုင်းပြည်ပြိုကွဲအောင် ဖန်တီးခဲ့ကြသည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် တိုင်းပြည်၌ ဖြစ်ပေါ်နေသည့် အခြေအနေအကြောင်းအရပ်ရပ်တို့ကို အကြောင်းပြု၍ မသမာသူများ၊ သောင်းကျန်းသူအဖျက်သမားများနှင့် ပြည်ဖျက်မီဒီယာများက ဝါဒမှိုင်းတိုက်ခြင်း၊ သတင်းအဆိပ်သင့်အောင် သတင်းတု၊ သတင်းမှား၊ မမှန်သတင်းများထုတ်လွှင့်ကာ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ တိုင်းပြည်ပြိုကွဲပျက်စီးအောင်၊ ပြည်သူနှင့် တပ်မတော် စိတ်ဝမ်းကွဲပြားအောင် လုပ်ကြံဖန်တီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ နေ့စဉ်နှင့်အမျှဖြစ်ရပ်ကို ပုံဖျက်ဖန်တီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်နှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူများကို အဓိကထားပြီး မြေပြင်တွင် တိုက်ခိုက်နေကြသလို လေလှိုင်းပေါ်တွင် မဟုတ်မမှန်လုပ်ကြံသတင်းများဖြင့် ဝါဒဖြန့်တိုက်ခိုက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တစ်လတည်းတွင်ပင် ပြည်ပအထောက်အပံ့ခံမီဒီယာများက သတင်းတု၊ သတင်းမှား၊ လုပ်ကြံရေးသားခြင်းနှင့် ဖြစ်စဉ်ဖြစ်ပွားသော်လည်း အမှန်အတိုင်းမရေးသားဘဲ မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ရေးသားကြရာတွင် လုပ်ကြံသတင်းအတု ၁၈၇ ပုဒ်၊ သတင်းအမှား ၃၉၅ ပုဒ် စုစုပေါင်း သတင်းအတု၊ သတင်းအမှား ၆၂၃ ပုဒ် ရေးသားဖြန့်ဝေခဲ့သည်။ ပြည်ဖျက်မီဒီယာများ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ရေးသားဖြန့်ဝေခဲ့သည့် သတင်းအပုဒ် ၁၀၀ တွင် အပုဒ် ၉၀ မှာ သတင်းမှားများဖြစ်နေသည်ဟု လေ့လာသူတို့က တွေ့ရှိထားသည်။

စစ်အေးလွန်ကာလတွင် အင်အားကြီးနိုင်ငံကြီးများသည် ဝါဒမတူသည့်နိုင်ငံများအား ဝင်ရောက်စွက်ဖက် ထိန်းချုပ်နိုင်ရန် သို့မဟုတ် ၎င်းတို့အလိုကျ အစိုးရတစ်ရပ် သို့မဟုတ် တိုင်းပြည်ပြိုကွဲပျက်စီးစေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး၊ သံတမန်ရေးစသည့်နယ်ပယ်များတွင်သာမက ပြည်သူလူထုတစ်ရပ်လုံးအပေါ် လွှမ်းခြုံနိုင်သည့်မီဒီယာများအား အဓိကလက်နက်သဖွယ်အသုံးချနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ယနေ့ကာလတွင် ပြည်ပအထောက်အပံ့ခံမီဒီယာကြီးများက သတင်းမှားများ ထုတ်လွှင့်ကာ တိုင်းပြည်ပျက်စီးအောင် ပြုလုပ်နေသည်ကို ပြည်သူများအနေဖြင့် သတင်းမှန်၊ သတင်းမှား ခွဲခြားရှုမြင်ပြီး တိုင်းပြည်အကျိုးစီးပွားကို အလေးထားနိုင်ကြစေရန် အသိပေးအပ်ပါကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၆ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များအား တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များအား ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်အား ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များအား မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် (၁-၂-၂၀၂၄)ရက်နေ့မှ (၃၁-၇-၂၀၂၄)ရက်နေ့အထိ (၆)လကာလအတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား www.motc.gov.mm၊ www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၁,၂၅၄ | ၁၁,၀၃၅,၂၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၁,၀၀၆ | ၂,၈၉၂,၃၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၃ | ၂၃,၇၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၃,၄၈၇ | ၅,၃၄၈,၈၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၃ | ၇,၅၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၅ | ၁၀,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၉ | ၁၃၆,၃၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁၀၇ | ၁၈၂,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ပညာရေးကဏ္ဍ တိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် ချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဆိုင်ရာဖြစ်ပေါ်တိုးတက်နေမှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်၍ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား လက်ခံတွေ့ဆုံစဉ်။

**☆ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ပညာရေးကဏ္ဍတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်ချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များ ရင်းရင်းနှီးနှီးဆွေးနွေး**



### မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim ဦးဆောင်သည့် အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### တွေ့ဆုံဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် အပူစွမ်းအင်သုံး စီမံကိန်းများတွင် ရုရှားကုမ္ပဏီများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် မြန်မာ-ဘရာဇီး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ အပြန်အလှန် ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အားကစားကဏ္ဍမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှု၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီး နိုင်ငံသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes ဦးဆောင်သည့် အဖွဲ့နှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

အဆိုပါ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မော်လမြိုင်ဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

**ယှဉ်ပြိုင်ကစား**

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကြိတ်အနယ် ဖိအားပေး ယှဉ်ပြိုင်ကြကာ ပထမပိုင်းပြီးဆုံးချိန်အထိ ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကစားချိန်တွင်လည်း တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဖိအားပေး ယှဉ်ပြိုင်ကစားကြသော်လည်း ဒုတိယပိုင်း ပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

ယင်းနောက် အချိန်ပို မိနစ် ၃၀ ကစားချိန်တွင်လည်း ဂိုးမရှိသရေ

**စာမျက်နှာ ၆ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဒုတိယဆုရရှိသည့် မြစ်ကြီးနားဇုန်အသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း တတိယဆုရရှိသည့် ပုသိမ်ဇုန်အသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၅ မှ
ရလဒ်ဖြင့် ပြီးဆုံးခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ရယူခဲ့ရာ မော်လမြိုင်ဇုန်အသင်းက မြစ်ကြီးနားဇုန်အသင်းကို ငါးဂိုး - သုံးဂိုးဖြင့်အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး(ဂိုးသမား)ဆု၊ အကောင်းဆုံး(နောက်တန်း)ဆု၊ အကောင်းဆုံး(အလယ်တန်း)ဆု၊ အကောင်းဆုံး(ရှေ့တန်း)ဆု၊ ဂိုးသွင်းအများဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမှူထန်၊ ပိုးရယ်အောင်သိန်း၊ ဒေါ်ဒွဲဘူ၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက တတိယဆုရရှိသည့် ပုသိမ်ဇုန်အသင်းကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဒုတိယဆုရရှိသည့် မြစ်ကြီးနားဇုန် အသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ပထမဆုရရှိသည့်မော်လမြိုင်ဇုန်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းအား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော တစ်ဦးချင်း အကောင်းဆုံးအားကစားသမားဆု ရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း တစ်ဦးချင်း အကောင်းဆုံးအားကစားသမားဆု ရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှူထန် တစ်ဦးချင်း အကောင်းဆုံးအားကစားသမားဆု ရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



# စည်းကမ်းမလိုက်နာသူ YBS ယာဉ်မောင်းများကို ထုတ်ပယ်မှုများဆောင်ရွက်နေ၍ လိုအပ်နေသည့် ယာဉ်မောင်းနေရာများအတွက် အစားထိုးရန် ယာဉ်မောင်းသင်တန်းသားများခေါ်ယူထား

ရန်ကုန် ဇန်နဝါရီ ၁၈

စည်းစနစ်ကြပ်မတ်ပြီး စည်းကမ်းမလိုက်နာသူ YBS ယာဉ်မောင်းများကို ထုတ်ပယ်မှုများဆောင်ရွက်နေသည့်အတွက် လိုအပ်နေသော ယာဉ်မောင်းနေရာများအတွက် အစားထိုးရန် YBS ယာဉ်မောင်းများ ခေါ်ယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

“လိုအပ်ချက်တွေက ရှိနေတယ်။ စည်းကမ်းပိုင်းတွေ ချိုးဖောက်တယ်ဆိုရင် အခုက ထုတ်ပစ်တာတွေရှိတယ်။ စည်းကမ်းမလိုက်နာတာတွေ၊ မီးနီသုံးကြိမ်ဖြတ်မောင်းတာတွေဆိုလည်း ထုတ်ပစ်တာတွေရှိတယ်။ အဲဒါတွေအစားထိုးဖို့ ရှိတယ်”ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့တွင်း YBS ယာဉ်ကြီးများ မောင်းနှင်နိုင်ရန်အတွက် ကျွမ်းကျင်ယာဉ်မောင်းများ လိုအပ်သဖြင့် “YBS” ယာဉ်ကြီးမောင်းသင်တန်းကို ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ YRTC ၏ကြီးကြပ်မှုဖြင့် သင်တန်းအပတ်စဉ်(၁/၂၀၂၄)အား ဇန်နဝါရီလ စတုတ္ထပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်သောကြောင့် ယာဉ်မောင်းသင်တန်းအတွက် သင်တန်းသား စုစုပေါင်း ၅၀ ခေါ်ယူသွားရန် ရှိနေကြောင်း သိရသည်။

လျှောက်ထားသူများအနေဖြင့် အသက် ၂၅ နှစ်မှ ၅၅ နှစ်အတွင်း ရှိရမည်ဖြစ်ပြီး “ခ”လိုင်စင်အနည်းဆုံး ငါးနှစ်သက်တမ်းနှင့် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ပြီး အခြေခံယာဉ်မောင်းနိုင်မှုအား သင်တန်းမှစစ်ဆေးရွေးချယ်မည်ဖြစ်သည်။

“ဒီသင်တန်းကို ဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်က အဓိကကတော့ ရန်ကုန်မှာပြေးဆွဲနေတဲ့ YBS ဘတ်စ်ကားတွေရဲ့ ယာဉ်မောင်းလိုအပ်ချက်ကို ဖြည့်တင်းဖို့အတွက်ပါ”ဟု “YBS”ယာဉ်ကြီးမောင်းသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**MT**

# ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်




**နေပြည်တော် ဇန်နဝါရီ ၁၈**

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌသစ်အဖြစ် တာဝန်ယူဆောင်ရွက်မည့် ယူဂန်ဒါသမ္မတနိုင်ငံ သမ္မတ H.E. Mr. Yoweri Kaguta Museveni ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပလျက်ရှိသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည်။

**မိန့်ခွန်းများပြောကြား**

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကာ ရန်ဖိုရီ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိသည့် မျက်နှာစုံညီအစည်းအဝေးတွင် သက်ဆိုင်ရာ နိုင်ငံအလိုက် မိန့်ခွန်းများ ပြောကြားကြသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းတွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လက်ရှိဥက္ကဋ္ဌ အဇာဘိုင်ဂျန်နိုင်ငံနှင့် ဥက္ကဋ္ဌသစ်အဖြစ် မကြာမီ လွှဲပြောင်းတာဝန်ယူဆောင်ရွက်မည့် ယူဂန်ဒါနိုင်ငံတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် ချီးကျူးဂုဏ်ပြုပါကြောင်း၊ ယနေ့ကမ္ဘာကြီးသည် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ အပါအဝင် ဘက်ပေါင်းစုံတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်တွေ့ကြုံရလျက်ရှိရာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ ဘုံအကျိုးစီးပွားအတွက် အရေးပါသောအဖွဲ့ကြီးအဖြစ် ဆက်လက်ရပ်တည်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ မူဝါဒများကို အပြည့်အဝ လိုက်နာလျက်ရှိပါကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အနေဖြင့် အဖွဲ့ကြီး၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အားလုံး၏ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ တရားမျှတမှု၊ တန်းတူညီတူရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြားသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေး၌ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်း ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအတွင်း နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေး၊ ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ပြည့်မီစေရေး၊ ရာသီဥတုပြောင်းလဲရေး စိန်ခေါ်မှုများ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာကိစ္စများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် ဆွေးနွေးခဲ့ကြသည်။ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအလိုက် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြသည်။

**ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ**

အိမ်ရှင် ယူဂန်ဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Gen. Odongo Jeje Abubakhar က ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများကို ညနေပိုင်းတွင် အာဖရိက ယဉ်ကျေးမှုအကအလှများ ပါဝင်သည့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပခဲ့ရာ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (Non-Aligned Movement-NAM) ကို ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွားမြှင့်တင်ရေးအတွက် ၁၉၆၁ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၌ လက်ရှိတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၂၀ ပါဝင်သည်။ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ကို စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

**သတင်းစဉ်**

# ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကာလအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာနိုင်ငံ၏ State Minister for Foreign Affairs ဖြစ်သူ Mr. Soltan bin Saad Al-Muraikhi နှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အစည်းအဝေးကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ဇန်နဝါရီ ၁၇ ရက်တွင် ကာတာနိုင်ငံ၏ State Minister for Foreign Affairs ဖြစ်သူ Mr. Soltan bin Saad Al-Muraikhi နှင့် ရန်ဖိုရီကွန်ဗင်းရှင်းစင်တာ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် မြန်မာ-ကာတာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

■





# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘရာဇီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြေဆွဲဆိပ်ဖြေဆေးထုတ်လုပ်ရေး စီမံကိန်းများအတွက် နည်းပညာပိုင်း ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော လေကြောင်းကဏ္ဍ၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ အားကစားနှင့် နည်းပညာဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာ-ဘရာဇီးနှစ်နိုင်ငံအကြား နိုင်ငံရေးရာဆွေးနွေးပွဲကျင်းပမှုနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မာဖီးယားဂိုဏ်း၊ ဒေဝဒတ်၊ ဓမ္မန္တရာယ် - ဇောက်ထိုးများဂိုဏ်း သို့မဟုတ် မြောက်သုံးကောင်၏ သရုပ်သကန်

တက္ကသိုလ်မြတ်သူ

၁၉၆၂ ခုနှစ် မေလ၊ ဇွန်လများက ကျွန်တော်ခေါင်းဆောင်သည့် စာရေးဆရာအဖွဲ့က ‘ဝ’နယ်မြောက်ပိုင်း မိုင်းမောကို အခြေပြု၍ ‘ဝ’ဒေသ၊ ‘ဝ’တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို လေ့လာရန် သွားရောက်ခဲ့ပါသည်။ အသွားခရီး မန္တလေး၊ လားရှိုး၊ သိန္နီ၊ ကွမ်းလုံသို့ ဦးစွာသွားရသည်။

**နေရာဒေသကန့်သတ်ခွင့်ပြုထားရ**

ခရီးစဉ်အကြောင်း အကျယ်မတင်ပြလိုပါ။ ကွမ်းလုံသို့ ရောက်ရှိလေ့လာစဉ် ကွမ်းလုံမြို့လယ်ကောင်၌ အလွန်ကြီးမားသော ဂိုဒေါင်ကြီးတစ်လုံး တွေ့ခဲ့ပါသည်။ ဂိုဒေါင်ထဲတွင် ဆာလာအိတ်ကြီးများဖြင့် ထည့်ထားသော ဘိန်းများကို ဂိုဒေါင်ပြည့်မျှ တွေ့ရပါသည်။ ထိုစဉ်က နယ်ချဲ့အင်္ဂလိပ်အမွေဆိုးအဖြစ် ကျန်ရစ်သော ဘိန်းစိုက်ပျိုးခြင်းကို ချက်ချင်းရပ်ဆိုင်းပစ်လျှင် နယ်စပ်တစ်လျှောက် တိုင်းရင်းသားများ ပိုမိုဆင်းရဲကုန်ကြမည်ဖြစ်၍ ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ရောင်းချခြင်းတို့ကို အခြေအနေအရ နေရာဒေသ ကန့်သတ်ခွင့်ပြုထားရချိန် ဖြစ်ပါသည်။

ကွမ်းလုံ ဈေးအတွင်း၊ ဈေးအပြင်လမ်းများပေါ်တွင် ထင်းရှူးသေတ္တာခွံပေါ်တွင် ချိန်ခွင်ငယ်တစ်စုံတင်ထားကာ လာရောင်းသမျှဘိန်းများဝယ်သော ဆိုင်ခုံလေးများ တွေ့ရသည်။ ‘ဝ’နယ်တစ်ခွင်လုံးအပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ အရှေ့ပိုင်း (ရွှေတြိဂံဒေသ) တစ်ခုလုံး ဘိန်းလုပ်ငန်း တွင်ကျယ်လျက်ရှိပါသည်။

ကွမ်းလုံမြို့လယ် ဂိုဒေါင်ကြီးအပြည့် ဘိန်းများပိုင်ဆိုင်သူမှာ ကိုးကန့်စော်ဘွား၏ ဦးလေးဆိုသူဖြစ်ပါသည်။ ကိုးကန့်စော်ဘွား၏သား ဂျင်မီယန်း၊ သမီးကြီး အောလစ်ပ်ယန်းတို့သည်လည်း ဘိန်းလုပ်ငန်းဖြင့် ဝင်ငွေကောင်းနေကြပါသည်။ ဂျင်မီယန်း ပုန်ကန်သောင်းကျန်းပြီး ပြည်ပြေးဖြစ်သွားသောသတင်း၊ နောက်လက်နက်ချပြီး ပြည်ပမှ ပြန်လာသောသတင်းများကို ကျွန်တော်တို့နိုင်ငံပိုင်သတင်းစာများတွင် ထည့်ခဲ့ရပါသည်။ အစ်မဖြစ်သူ အောလစ်ပ်ယန်းသည် ရန်ကုန်ဆင်းပြီး ပွေလိုက်ရှုပ်လိုက်ပါသေးသည်။ နောက်ကိုးကန့်သို့ပြန်ပြီး ယနေ့တိုင် ဘိန်းဘုရင်မဘွဲ့ခံနေသည့် သတင်းများ ကြားရပါသည်။ ကိုးကန့်မှ ဒေသခေါင်းဆောင်၊ စစ်ရေး၊ နိုင်ငံရေးခေါင်းဆောင်များသည် ယခုမှ ဘိန်းစသည့် မူးယစ်ဆေးဝါးလုပ်ငန်းလုပ်ကြသည်မဟုတ် ဘိုးစဉ်ဘောင်ဆက်လုပ်လာကြသော “ဘိန်း(မူးယစ်ဆေး)မျိုးဆက်” များ ဖြစ်ကြသည်။

အင်္ဂလိပ်နှင့် ဥရောပနယ်ချဲ့နိုင်ငံများဖြစ်သည့် စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ ပြင်သစ်စသည်တို့ကလည်း ၎င်းတို့ မင်းမူနိုင်သော ကိုလိုနီနိုင်ငံများတွင် ဘိန်းစိုက်၊ ဘိန်းကုန်ကူး အပွကြဲကြရင်း ဒေသခံများကို ပျက်စီးစေခဲ့သည်။ ထိုစဉ်က တရုတ်နိုင်ငံကို အင်္ဂလိပ်တို့ နယ်ချဲ့သိမ်းယူရန် မလွယ်ကူသေးသဖြင့် ရွှေတြိဂံဒေသ၊ ရွှေလခြမ်းဒေသမှ ဘိန်းများကို တရုတ်ပြည်တွင်းသို့ ဒလဟောတင်ပို့ကာ တရုတ်ဘိန်းစား စီမံကိန်းချခဲ့သည်။ တရုတ်ဘုရင်ဧကရာဇ်တို့က ရိပ်မိပြီး အင်္ဂလိပ်တို့နှင့် ဘိန်းစစ်ပွဲ နှစ်ကြိမ် ဖြစ်ခဲ့သည်။ အင်္ဂလိပ်တို့၏ လက်နက်အသစ်အဆန်းများကြောင့် တရုတ်တို့စစ်ရှုံးကာ တရုတ်ပြည်တွင်းမှာပင် ဘိန်းစိုက်ပျိုးခွင့်ပြုခဲ့ရသည်။ ဟောင်ကောင်ကို နှစ် ၁၀၀ ကြာမျှ အင်္ဂလိပ်တို့ကို အငှားစာချုပ်ဖြင့် လွှဲအပ်ခဲ့ရသည်။

**ဘိန်းပပျောက်ရေးကို အစွမ်းကုန်ကြိုးစား**

တစ်ချိန်က အင်္ဂလိပ်တို့ စခဲ့ပြီး အမေရိကန်၊ ဂျာမနီတို့လက်ချက်ဖြင့် ဘိန်းဖြူနှင့်တကွ နောက်ပိုင်း စိတ်ကြွရူးသွပ်ဆေးပြားရာမ(ခေါ်)ရာဘာ ဆေးပြားစိတ်ခတ်၊ မျိုးချစ်စိတ်ခတ်၊ အမျိုးသားရေး ဇာတိသွေးဇာတိမာန်တို့ပါ ခန်းခြောက်သွားတတ်သည်ကို တွေ့နေရပေသည်။

လက်နက်ကိုင် တိုက်ခိုက်နေသော ဥပဒေပြင်ပမှအဖွဲ့များ တိုးတက်များပြားလာသဖြင့် နယ်မြေဒေသတိုင်း၌ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များ ထင်တိုင်းမပေါက် မသွားရောက်နိုင်သော်လည်း မူးယစ်ဆေးဝါးနှိမ်နင်းရေးကို တပ်မတော်က များစွာ ကူညီနှိမ်နင်းပေးခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်က သတင်းတစ်ပုဒ်တွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရာ၌ တပ်မတော်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား ၉၀၀ ခန့် အသက်ခန္ဓာပေးလှူခဲ့ရကြောင်း ဖော်ပြထားသည်ကို ဖတ်မိမှတ်မိနေပါသည်။ အမေရိကန်တို့ကိုယ်တိုင် မြန်မာနိုင်ငံ အစိုးရက ဘိန်းခင်းများ ဖျက်ဆီးပစ်နေသည်ခြင်းလုပ်လျှင် ထိုလေယာဉ်ကို ပစ်ချရန် လေယာဉ်ပစ်အမြောက် AA GUN ကို ခွန်ဆာ၏စခန်းတွင် အမေရိကန်တို့က တပ်ဆင်ပေးထားသည်။

နောက်ပိုင်း အမေရိကန်တို့က ခွန်ဆာ၏ ဟိုမိန်းစခန်းတွင် မြန်မာ့တပ်မတော် ထိုးစစ်ကို ကာကွယ်ရန် အကြောင်းပြချက်ဖြင့် ခရုဇ်ဒုံးကျည်လက်နက် တပ်ဆင်ရန် ခွန်ဆာကို သိမ်းသွင်းလာသည်။ ဤတွင် ခွန်ဆာသည် အမေရိကန်တို့၏ မသမာသောလုပ်ရပ် (ထိုခရုဇ်ဒုံးကျည်ဖြင့်) တရုတ်ကိုပစ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတို့သို့ ပစ်ခတ်လျှင် မိမိ၏ ပြစ်မှုအလွန်ကြီးသွားတော့မည်ဟု တွေးမိကာ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် MTA တပ်တစ်ခုလုံးနှင့် မိမိကိုယ်တိုင် လက်နက်ချခဲ့တော့သည်။

အခြားအဖွဲ့များကဲ့သို့ ငြိမ်းချမ်းရေး အခွင့်အရေးမတောင်းခဲ့ဘဲ လုံးဝ

> **အဆိုပါ MNDAA ၊ TNLA ၊ KIA ၊ AA ၊ PDF တို့ကား EAO အဆင့်မရှိကြတော့ပေ။ တိုင်းရင်းသားအားလုံး အကျိုးစီးပွားအတွက် ပုန်ကန်ခြင်းမဟုတ်။ စစ်ဘုရင်လုပ်ပြီး မူးယစ်ဆေး၊ လက်နက်စက်ရုံတို့ဖြင့် စီးပွားဖြစ်လုပ်လိုကြသူများသာ ဖြစ်သည်။ ထိုအဖွဲ့များသည် ထိပ်ဆုံးမှ ကိုးကန့်အကြမ်းဖက်များကအစ မူးယစ်ဆေး အချိုကြီး၊ လောင်းကစားမှု အကြီးအကျယ်၊ ပြည့်တန်ဆာလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် လုပ်နေကြပြီး ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ လူပြန်ပေးဆွဲတို့ လုပ်လာသဖြင့် အနောက်နိုင်ငံများမှ မာဖီးယားလူဆိုးရာဇဝတ်ကောင်ဂိုဏ်းများစွာနှင့် အလားတူသဖြင့် အရှေ့တောင်မာဖီးယားဂိုဏ်းများဟုသာ ခေါ်ရပေတော့မည်**

(မူးယစ်ဆေးဝါး လုံးဝပပျောက်သော) ဒေသအဖြစ် ကမ္ဘာသိကြေညာခဲ့သည်။

နယက အတွင်းရေးမှူး(၁) တက်ရောက်ကာ မိုင်းလားမူးယစ်ဆေးဝါးပပျောက်မှုအထိမ်းအမှတ် ပြခန်းဖွင့်ပေးခဲ့သည်။ ထိုအခမ်းအနားသို့ ကျွန်တော် တက်ရောက်လေ့လာခွင့်ရခဲ့သည်။ ‘ဝ’ဒေသက ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါး(ဘိန်း) လုံးဝပပျောက်ရန် ကြိုးပမ်းနေခဲ့သည်။ ထိုအချိန်အထိ ထိုဒေသများတွင် နိုင်ငံတော်နှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်း၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်နေခဲ့ကြသည်။ အမျိုးသားညီလာခံသို့ မိုင်းလားအဖွဲ့၊ ‘ဝ’အဖွဲ့၊ ကချင်အဖွဲ့၊ ပလောင်အဖွဲ့၊ ကယားအဖွဲ့ စသည့်တိုင်းရင်းသားလက်နက်ကိုင် (ငြိမ်းချမ်းရေးရယူပြီးသော)အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ ဒီမိုကရေစီတံခါးဖွင့်ပေးလိုက်သည်နှင့် အမေရိကန် စီအိုင်အေ၊ အင်္ဂလိပ် MI-6 ၊ ထိုင်ဝမ် ထောက်လှမ်းရေး စသည့်ပြည်ပမှ ခြေရှုပ်ရေးအဖွဲ့များ ဝင်လာကာ ခလောက်ဆန်၊ အကောက်ကြံကြသည်။ နိုင်ငံရေးသီလ၊ သမာဓိ မရင့်ကျက် မခိုင်မာသူများ၊ ကိုယ်ကျိုးအတ္တများသူများ ချာလပတ်ရမ်းကာ နယ်ချဲ့အုပ်စု၏ ရုပ်သေးရုပ်များဖြစ်လာကြသည်။ ထိုရုပ်သေးရုပ်များသည် နယ်ချဲ့က ကြိုးကိုင်စေခိုင်းတိုင်း ကိုယ့်နိုင်ငံကိုယ်ပြန်ဖျက်ပေးလာနေကြသည်။ ထိုလုပ်ရပ်မှာ နာမည်ပျက်သော်လည်း ဒေါ်လာငွေကြေး အမျိုးမျိုးရ၍ ထိုသို့လုပ်ခွင့်ရရန်ပင် တန်းစီနေရာယူလာကြသည်။

**မီဒီယာလက်နက်သုံးကာ ပတ်မွှေ**

အမေရိကန်ဦးဆောင်သော အနောက်နယ်ချဲ့အုပ်စုကလည်း မြန်မာနိုင်ငံကို ဘက်ပေါင်းစုံမှ မီဒီယာလက်နက်သုံးကာ ပတ်မွှေတော့သည်။ မြန်မာနိုင်ငံအစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေး လုံးဝမလုပ်၊ စစ်ဗိုလ်တွေကိုယ်တိုင် မူးယစ်ဆေးဝါးလုပ်နေသည်ဟု သတင်းလိမ်များဖြင့် ကမ္ဘာကို မှိုင်းတိုက်တော့သည်။ ဤနေရာတွင် မြန်မာနိုင်ငံ၌ အင်္ဂလိပ်နယ်ချဲ့တို့ လုပ်သွား၍ ဘိန်းစိုက်ပျိုးမှုများဖြစ်ခဲ့သည်မှာ မှန်သော်လည်း ယနေ့ခေတ်စားလာသော စိတ်ကြွရူးသွပ်ဆေးဝါး(ထိုင်းဘာသာဖြင့် ရာမ၊ ရာဘ) အဖက်တမင်းဆေးပြားများ မြန်မာနိုင်ငံတွင် လုံးဝမထုတ်လုပ်ခဲ့၊ လုံးဝမရှိခဲ့ပေ။ ယင်းဆေးပြားများ ပြုလုပ်ရာတွင် အဓိကကျသော အဖီဒရင်း သို့မဟုတ် ကဖင်းဓာတ်ပစ္စည်းများ မြန်မာနိုင်ငံတွင် လုံးဝမထွက်ပေ။

များနှင့်အတူ သရုပ်ပျက်ယဉ်ကျေးမှုများဖြင့် ကမ္ဘာ့နိုင်ငံများစွာမှ လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူများကိုဖြားယောင်း ဖျက်ဆီး၊ အညွန့်ချိုးသည်မှာ အမေရိကန်နယ်ချဲ့တို့ ဖြစ်ကြသည်။ လွတ်လပ်ရေးရလာပြီးနောက် မြန်မာအစိုးရအဆက်ဆက်နှင့် တပ်မတော်၊ ရဲတပ်ဖွဲ့တို့က ဘိန်းပပျောက်ရေးကို အစွမ်းကုန်ကြိုးစားခဲ့သော်လည်း နယ်စပ်တိုင်းတွင် သောင်းကျန်းနေသည့် တောခိုပုန်ကန်အဖွဲ့များကြောင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့ပေ။

သို့တိုင် ဘိန်းခင်းများစွာကို ဖျက်ဆီး၊ ဘိန်း၊ ဘိန်းဖြူ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးစသည့် မူးယစ်ထုံထိုင်းဆေးဖြစ်သော မူးယစ်ဆေးပြားများကို ဖမ်းဆီးသိမ်းယူ၊ အများရှေ့၌ မီးရှို့ဖျက်ဆီးခဲ့သည်မှာလည်း အကြိမ်ကြိမ်၊ ကမ္ဘာက မမြင်ချင်အဆုံးဖြစ်သည်။ အရက်၊ စီးကရက်၊ မူးယစ်ဆေးဝါး၊ သရုပ်ပျက်ယဉ်ကျေးမှုတို့နှင့် ဆက်စပ်ပတ်သက်မိသော လူငယ်၊ လူလတ်၊ လူကြီးတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိကိုးကွယ်ရာဘာသာ၊ မိမိအမျိုးသားယဉ်ကျေးမှုမှအစ တိုင်းချစ်ပြည်ချစ်ကို သိကြသည်။ သူတို့ကိုယ်တိုင် ကွင်းဆင်းတိုင်းတာကြရာ၌ တစ်နှစ်ထက်တစ်နှစ် ဘိန်းစိုက်ပျိုးမှု များစွာလျော့ကျကြောင်း ထုတ်ပြန်ခဲ့ကြဖူးသည်။

**ဟိုမိန်းစခန်းတွင် အခြေချခဲ့**

ခွန်ဆာသည် ရှမ်းပြည်နယ်တွင် မူးယစ်ဆေးဝါးလုပ်ငန်းကို လက်နက်ကိုင်တပ်ဖွဲ့များဖွဲ့ပြီး လုပ်ကိုင်ရာမှ ဘိန်းဘုရင်ဘွဲ့ ခံနိုင်ခဲ့သည်။ သူသည် တရုတ်ဖြူတို့နှင့်အတူ ထိုင်ဝမ်သို့ လိုက်သွားကာ ဘိန်းဖြူချက်နည်း၊ ကမ္ဘာ့နိုင်ငံများသို့ မူးယစ်ဆေးဝါးတင်ပို့ရမည့်လမ်းကြောင်း အဆက်အသွယ်များ ရလာခဲ့သည်။ ထိုင်း၊ မြန်မာနယ်စပ်ရှိ ဟိုမိန်းစခန်းတွင် ခွန်ဆာ၏ MTA ဘိန်းအဖွဲ့အခြေချခဲ့သည်။ ထိုစခန်းသို့ အမေရိကန်မှ အမတ်များ၊ သံတမန်များ၊ သတင်းစာဆရာများ ဝင်/ထွက်သွားလာကာ ခွန်ဆာကို ရှမ်းသမ္မတနိုင်ငံ သမ္မတခံယူပြီး ရှမ်းပြည်နယ်ကို ပြည်ထောင်စုမှ ခွဲထွက်ကြောင်း ကြေညာရန် စီအိုင်အေက သွေးဆောင်နိုင်ခဲ့သည်။ ခွန်ဆာ၏ သမ္မတအစိုးရကိုယ်စားလှယ် (သံရုံး) ကို ဝါရှင်တန်ဒီစီ၌ ဖွင့်လှစ်စေခဲ့သည်။ မြန်မာ့တပ်မတော်(လေ)က လာရောက်ဗုံးကြဲလက်နက်ချပြီး အေးအေးဆေးဆေးနေခဲ့ရင်း ကျန်းမာရေးချို့တဲ့ကာ ကွယ်လွန်သွားခဲ့သည်။ ခွန်ဆာအလင်းဝင်သည်ကို အမေရိကန်တို့ဒေါပွကာ ခွန်ဆာကို ကမ္ဘာ့မူးယစ်ရာဇာအဖြစ် အမေရိကန်ကို လွှဲအပ်ရန် မြန်မာအစိုးရကို တောင်းဆိုသည်။ မြန်မာအစိုးရ (နယက)က ငြင်းဆန်ပယ်ချခဲ့သည်။ မြန်မာတို့၏ တရားစီရင်ခွင့်ကို အမေရိကန်တို့လက်ထိုးမအပ်ခဲ့ပေ။

**မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ၁၅ နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်**

တပ်မတော်အစိုးရက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ၁၅ နှစ် စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့သည်။ ဖမ်းမိသော မူးယစ်ဆေးဝါးမျိုးစုံကို သံတမန်များ၊ နိုင်ငံခြားသတင်းထောက်များရှေ့မှာပင် အကြိမ်ကြိမ် မီးရှို့ဖျက်ဆီးသည်ကို မြန်မာသတင်းပရိသတ်တို့ ဒိဋ္ဌမြင်တွေ့ခဲ့ကြသည်။ ၁၉၉၇ ခုနှစ်တွင် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းရှိ မိုင်းလားဒေသ (ဦးစိုင်းလင်း ခေါင်းဆောင်သော ရှမ်း-အာခါငြိမ်းချမ်းရေးအဖွဲ့)က မိမိတို့မိုင်းလားဒေသကို ပထမဆုံးသော ဘိန်းကင်း

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

ပြည်ပမှလည်း မသွင်း။ အနောက်နိုင်ငံများနှင့် အိန္ဒိယ၊ တရုတ်ပြည်တို့တွင် ထွက်ရှိကြသည်။

ထိုင်းနိုင်ငံတွင် မထွက်သော်လည်း ပြည်ပမှတင်သွင်းသည့် စိတ်ကြွဆေးပြားများသည် အမေရိကန်နိုင်ငံတွင် စိတ်ဓာတ်ကျသူများ စိတ်ဓာတ်ပြန်ကြွတက်လာရန် အတိုင်းအဆဖြင့်ပေးသော ဆေးဖြစ်သည်။ ထိုဆေးကို ကြာကြာသုံးလျှင် မူးယစ်ဆေးစွဲသကဲ့သို့ ဒုက္ခရောက်စေသည်။ အမေရိကန် စီအိုင်အေက နည်းပေးလမ်းပြ၍ ထိုင်းနိုင်ငံရှိ တရုတ်ဖြူလက်ကျန်များ ထိုင်းမူးယစ်ဆေးဝါးမှောင်ခိုများက ထိုဆေးပြားများ ပြုလုပ်ရောင်းချ စီးပွားရှာကြသည်။

အမေရိကန်တိုင်းမ်သတင်းမဂ္ဂဇင်း၊ နယူးစ်ဝိခ်သတင်းမဂ္ဂဇင်း တို့တွင် ကျွန်တော် ဖတ်ခဲ့၊ မှတ်ခဲ့ရသမျှ ထိုဆေးပြားများကို ယနေ့တိုင် ထိုင်းလုပ်ငန်းရှင်များက မြန်မာအပါအဝင် ပြည်ပမှ အလုပ်လာလုပ်သူများကို အလုပ်မဝင်ခင် တန်းစီခိုင်းပြီး ဆေးပြားတစ်ပြားစီ သောက်ခိုင်းသည်။ ဤသို့ဖြင့် စိတ်ဓာတ်တက်ကြွပြီး တစ်နေ့တာ အလုပ်ကောင်းကောင်း လုပ်စေခဲ့သည်။ ယခင်က ထိုင်းပင်စင်စားများသည် ညနေပိုင်းတွင် အရက်ပုလင်းထောင်သောက်ကာ အပန်းဖြေကြသည်။ ယခုနောက်ပိုင်း ရာဘဆေးပြားသောက်ပြီး ဇိမ်ယူအနားယူရာ စရိတ်ကုန်သက်သာသည်ဆို၏။

အိမ်ရှင်မများလည်း ပင်ပန်းသမျှ ရာဘတစ်ပြားဖြင့် အမောဖြေကြသည်။ အလုပ်ချိန်များစွာလုပ်ရသော ထိုင်းအမျိုးသား၊ အမျိုးသမီးများသည်လည်း ရာဘဆေးပြားများကို ပလတ်စတစ်ပိုက်ထဲထည့် မီးရှို့ကာ အငွေ့ရှူ အပန်းဖြေကြသဖြင့် ထိုင်းနိုင်ငံတစ်ခုတည်းကပင် တစ်နှစ်လျှင် စိတ်ကြွရူးသွပ်ဆေးပြားပေါင်း သန်း ၇၀၀ အသုံးပြုနေသည်ဟု ဖတ်ရသည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားရိုက်သည့် စက်အလုံး ၂၀၀ ကျော် ဖမ်းမိသောသတင်းကိုလည်း ဖတ်ခဲ့ရသည်။

**ဘိန်းဖြူ၊ ကိုကင်း၊ ဆေးခြောက်၊ အရက်တို့ကို ကမ္ဘာပေါ်တွင် အများဆုံးသုံးစွဲသောနိုင်ငံဖြစ်**

သူများနိုင်ငံကို မလိုလျှင် မလိုသလို စွပ်စွဲသော အမေရိကန်နိုင်ငံသည် ဘိန်းဖြူ၊ ကိုကင်း၊ ဆေးခြောက်၊ အရက်စသည်တို့ကို ကမ္ဘာပေါ်တွင် အများဆုံးသုံးစွဲသောနိုင်ငံ ဖြစ်သည်။ အင်္ဂလိပ်နှင့် ဥရောပနိုင်ငံသား အများအပြားလည်း ဘိန်းဖြူ၊ ဆေးခြောက် အသုံးများသည်။ ကမ္ဘာ့ဘိန်းဖြူထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းကို ယခင်က အာဖဂန်နစ္စတန်နိုင်ငံမှ ထုတ်လုပ်တင်ပို့ခဲ့သည်။

ယနေ့ကမ္ဘာသို့ တင်ပို့သော ဘိန်းဖြူအားလုံး၏ ၉၀ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသမှ ထုတ်လုပ်တင်ပို့နေသည်ဟု သတင်းများ ဖတ်ရသည်။ ကိုးကန့်မှ ခေါင်းဆောင် ဖုန်ကြားရှင်၊ ဖုန်ကြားဖူးတို့သည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်တွင် နံပါတ်(၁) ငြိမ်းချမ်းရေးယူကာ ဥပဒေအတွင်း ဝင်ခဲ့သောအဖွဲ့ဖြစ်သည်။ အမျိုးသားညီလာခံသို့ပင် တက်ရောက်ခဲ့ကြသည်။ နောက်ပိုင်း ပြည်ပပယောဂသွေးထိုးမှု၊ ကိုယ်ကျိုးအတ္တ လွန်မှုတို့ကြောင့် ဖုန်ကြားရှင်၊ ဖုန်ကြားဖူးတို့ မူးယစ်ဆေးလုပ်ငန်း အချီကြီးလုပ်လာသည်။ လက်နက်စက်ရုံ တည်ဆောက်ထုတ်လုပ်ကာ စီးပွားရှာရင်း တော်လှန်ပုန်ကန်ရာ၌ အသုံးချလာခဲ့သည်။ မိုင်းလားမှ ဦးစိုင်းလင်းသည် ဖုန်ကြားရှင်၏ သမက်ဖြစ်သဖြင့် မိုင်းလား ရှမ်း-အာခါဒေသလည်း ယောက္ခမကို မျက်နှာလုပ်ရင်း ဝင်ပါလာရသည်။

**EAO အဆင့် မရှိကြတော့**

ယနေ့ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ထကြွသောင်းကျန်းနေသော MNDAA (ကိုးကန့်)၊ TNLA (ပလောင်)၊ KIA (ကချင်)၊ UWSA('ဝ')၊ AA(ရခိုင်)၊ PDF (NLD မှ မွေးထုတ်အသုံးချနေသော ဦးနှောက်မဲ့အကြမ်းဖက်သမား ကြေးစားအသေခံလူမိုက်များ)က အလုံးအရင်းဖြင့် ၁၀၂၇ စစ်ဆင်ရေးဆိုကာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် စတင်သောင်းကျန်းကြသည်။ EAO ဟူသည် (Ethnic Armed Organization) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည်။ ယခု ထိုအမည်နာမနှင့် လားလားမှ မတန်သော အဆိုပါ MNDAA ၊ TNLA ၊ KIA ၊ AA ၊ PDF တို့ကား တစ်ဆက်တည်းတင်ပြရလျှင် KNPP နှင့် အလားတူ အကြမ်းဖက်အဖွဲ့ ကရင်နယ်စပ်မှ စောဓားမြတို့ ခွဲထွက်စင်ပြိုင် KNU စသည်တို့အားလုံးသည် EAO အဆင့် မရှိကြတော့ပေ။

တိုင်းရင်းသားအားလုံး အကျိုးစီးပွားအတွက် ပုန်ကန်ခြင်းမဟုတ်။ စစ်ဘုရင်လုပ်ပြီး မူးယစ်ဆေး၊ လက်နက်စက်ရုံတို့ဖြင့် စီးပွားဖြစ်လုပ်လိုကြသူများသာ ဖြစ်သည်။ ထိုအဖွဲ့များသည် ထိပ်ဆုံးမှ ကိုးကန့်အကြမ်းဖက်များကအစ မူးယစ်ဆေး အချီကြီး၊ လောင်းကစားမှု အကြီးအကျယ်၊ ပြည့်တန်ဆာလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် လုပ်နေကြပြီး ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ လူပြန်ပေးဆွဲတို့ လုပ်လာသဖြင့် အနောက်နိုင်ငံများမှ မာဖီးယားလူဆိုးရာဇဝတ်ကောင်ဂိုဏ်းများစွာနှင့် အလားတူသဖြင့် အရှေ့တောင်မာဖီးယားဂိုဏ်းများဟုသာ ခေါ်ရပေတော့မည်။ အမေရိကန်၊ နယူးယောက်နှင့် တစ်ဆက်တည်းသော ဘရွတ်ကလင်းမြို့သည် အမေရိကန်မာဖီးယားဂိုဏ်းများ အခြေစိုက်ရာမြို့ဖြစ်လေသည်။

ဒါတင်ပဲလားဆိုတော့ မကသေးပါ။ ထိုအုပ်စု (မာဖီးယားဂိုဏ်း) များသည် လူ့အသက်ကို ဖက်ရွက်ပမာ ရက်စက်စွာ သတ်ဖြတ်ခြင်း၊ မတရားစော်ကားခြင်း (ရဟန်းသံဃာတော်များ သတ်ဖြတ်ခြင်း)၊ နိုင်ငံကိုသစ္စာမဲ့ခြင်းတို့ကြောင့် ဒေဝဒတ်ဂိုဏ်းဟူ၍ ခေါ်ဆိုရပေမည်။ ၁၀-၁-၂၀၂၄ ရက်နေ့ သတင်းများအရ ကိုးကန့်မှ အကြမ်းဖက်အုပ်စုများသည် လောက်ကိုင်ဒေသ ဆီအောကျေးရွာ၏ မြောက်ဘက် ဆင်ဦးကင်းကုန်း (ပွိုင့်-၂၂၀၂) တွင်ရှိသော ဗုဒ္ဓဘာသာဝင်များ တည်ထားကိုးကွယ်ပူဇော်လျက်ရှိသည့် စေတီတစ်ဆူကို MNDAA သောင်းကျန်းသူ အဖွဲ့ဝင်တစ်ယောက်က ပန်းပဲဖိုသုံးတူကြီးဖြင့် တအားကုန်လွှဲထုကာ ဖျက်ဆီးနေပုံကို သတင်းပုံနှင့်တကွ မြင်လိုက်ရပေသည်။ ဗုဒ္ဓဘာသာဝင်တို့ စိတ်မကောင်းဖြစ်ကြသည်။ ဒေါသထွက်ကြသည်။

ထိုလုပ်ရပ်ကို တစ်ခဲနက် ဆန့်ကျင်ရှုတ်ချသော လူထုဆန္ဒပြပွဲသတင်းကိုလည်း တစ်နိုင်ငံလုံးတွင် တွေ့ရသည်။ ထို့ကြောင့် MNDAA နှင့်အပေါင်းအပါများသည် မိစ္ဆာဒိဋ္ဌိအဖွဲ့၊ ဘာသာသာသနာဖျက်အုပ်စု၊ ဓမ္မန္တရာယ်ဂိုဏ်း၊ အဝိစိသို့ ဇောက်ထိုးဆင်းရမည့် ဇောက်ထိုးများဂိုဏ်းဟူသော အမည်နာမများဖြင့် ကင်းပွန်းတပ်လိုက်ရပါသည်။

သူတို့အကုသိုလ်နှင့်သူတို့ ပစ္စုပ္ပန်လောကငရဲ၊ နောင်သံသရာအဝီစိငရဲသို့ ရောက်ကြမည့်သူများပင် ဖြစ်သည်။ တစ်ကမ္ဘာလုံးမှ ဗုဒ္ဓဘာသာဝင် သန်းပေါင်းများစွာသည် စိတ်မကောင်းဖြစ်ကြ၊ ဒေါသဖြစ်ကြသည်။ ထိုမိစ္ဆာ၊ ဓမ္မန္တရာယ်၊ ဒေဝဒတ်၊ အဝီစိဇောက်ထိုး၊ မာဖီးယားဂိုဏ်းများကို ဥပဒေစိုးမိုးရေးတာဝန်၊ ပြည်ထောင်စုမပြိုကွဲရေးတာဝန်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တာဝန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်တံ့ခိုင်မြဲရေးတာဝန်၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ပေးရမည့်တာဝန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးတာဝန်များ ယူထားသော မြန်မာတို့၏ ပြည်သူ့တပ်မတော်သားများက သမိုင်းပေးတာဝန်၊ ပြည်သူပေးတာဝန်များအရ ဒင်းတို့ကိုဖြိုခွဲချေမှုန်းအပြတ်ရှင်းလင်းသည့်အခါ အနောက်ပါးစပ်များက သဟောက်သဟက်ဖြင့် ပြောကြလျှင်လည်း မြန်မာတို့ ဂရုစိုက်ရန် လုံးဝ(လုံးဝ)မလိုပါခင်ဗျား။

အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ EU ဆိုသော ဥရောပ(နယ်ချဲ့လက်ဟောင်း) နိုင်ငံများကိုယ်တိုင် မူးယစ်ဆေးဝါး(ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်၊ ကိုကင်း) မူးယစ်ဆေးဝါးမျိုးစုံ မသုံးရလျှင် မနေနိုင်သူများလွန်းနေ၍ ဥရောပမှ ပြင်သစ်စသောနိုင်ငံများတွင် မူးယစ်ဆေးဝါး (ဘိန်းဖြူ၊ ဆေးခြောက်) လွတ်လပ်စွာ သုံးစွဲခွင့်ကို (ဘိန်းဒီမိုကရေစီကို တောင်းဆိုဆန္ဒပြနေကြခြင်း) ဆရာဝန်များကိုယ်တိုင်က မိမိတို့၏ ဆေးစွဲလူနာများအတွက် မူးယစ်ဆေးဝါးများရောင်းချရန် ဆေးစာရေးပေးနေခြင်းများရှိသည်။ အမေရိကန်တွင်လည်း မူးယစ်ဆေးစွဲသူ များပြားလွန်းနေပေသည်။

**ဖြစ်ရပ်မှန် အမှန်ရှိခဲ့**

၁၉၇၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများက အမေရိကန်သမ္မတရွေးကောက်ပွဲလေ့လာရန် ကျွန်တော် (ကြေးမုံ)နှင့် မင်းယုဝေ(မြဝတီ)တို့ ၄၅ ရက်ကြာ သွားရောက်ခဲ့ကြစဉ် ညဘက် TV သတင်းတစ်ပုဒ်ကို အံ့သြခြင်းကြီးစွာဖြင့် မြင်ခဲ့သိခဲ့ရပါသည်။ လူတစ်ယောက်က သူ့အိမ်ပေါ်သို့ ရဲများတက်ရှာရန်လာနေသည်ကို တွေ့ရ၍ သူ၏ဘိန်းဖြူများကို ပလတ်စတစ်အိတ်ဖြင့် လုံခြုံအောင်ထည့်ပြီး အိမ်သာကြွေခွက်ထဲပစ်ထည့်ကာ ရေဆွဲချလိုက်ရာ သူ၏ ဘိန်းဖြူထုပ်ပါသွားခဲ့သည်။ ရဲလက်မှ လွတ်သွားခဲ့ပုံကို သတင်းထောက်က ကာယကံရှင်နှင့်ညှိကာ ရိုက်ကူးပြသခဲ့သည်။ ထိုဘိန်းဖြူထုပ်ပိုင်ရှင်သည် ရေငုပ်ဝတ်စုံဝတ်ပြီး တစ်မြို့လုံးမှ အိမ်သာအညစ်အကြေးပိုက်များ စုပြီးသွန်သောမြစ်ထဲသို့ ရေငုပ်ကာ သူ့ဘိန်းဖြူထုပ် ပြန်ရှာပုံပြသထားသည်။ CIA ကိုယ်တိုင် အပြင်းဆုံးမူးယစ်ဆေးဖြစ်သော LSD ဆေး စမ်းသပ်ဖော်စပ်ကာ CIA အငယ်တန်းဝန်ထမ်းတစ်ဦးကို တိုက်ကျွေးရာ ထိုစမ်းသပ်ခံရသူသည် စိတ်ဖောက်လာပြီး ၁၀ ထပ်တိုက်ပေါ်မှ ခုန်ချခဲ့သောဖြစ်ရပ်မှန်လည်း အမှန်ရှိခဲ့သည်။

အမေရိကန် CIA က ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ လော့စ်အိန်ဂျလိစ်မြို့ လူမည်း(နီဂရိုး) ရပ်ကွက်တွင် ဘိန်းဖြူ(ကိုကင်း)များကို ဈေးလျှော့ပြီး ရောင်းချဖြန့်ဖြူးကာ လူမည်းများကို ဘဝပျက်အောင်လုပ်ခဲ့သည်။ လွှတ်တော်တွင် လူမည်းအမတ်များက CIA လုပ်ရပ်ကို ထုတ်ဖော်တင်ပြ ကန့်ကွက်ကြသောသတင်းကိုလည်း ဖတ်ဖူးခဲ့ရပါသည်။

IRI ခေါ် သမ္မတဟောင်းများပါသော နိုင်ငံတကာ သမ္မတနိုင်ငံအဖွဲ့ကြီးကလည်း ပြည်သူများ မူးယစ်ဆေးဝါးများကို လွတ်လပ်စွာသုံးစွဲခွင့် တောင်းဆိုခဲ့ဖူးသည်။ ဘိန်းလွတ်လပ်စွာသုံးစွဲခွင့်သည် ဒီမိုကရေစီ။ ဘိန်းဖြူ၊ ကိုကင်းများကို လွတ်လပ်စွာသုံးစွဲခွင့်သည် သူတို့၏ လူ့အခွင့်အရေးများဖြစ်နေပေပြီ။ ၁၉၅၅ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ထုတ် အမေရိကန် နယူးစ်ဝိခ်(Newsweek) သတင်းမဂ္ဂဇင်းတွင် Getting in the way of Good Policy ခေါင်းစဉ်ဖြင့် အမေရိကန်မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ DEA မှ မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးတွင် တာဝန်ချထားခံခဲ့ရသော ရစ်ချဒ်ဟွန်းက အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (CIA)တို့ကို တရားစွဲသော သတင်းဖော်ပြပါရှိခဲ့သည်။

ရစ်ချဒ်ဟွန်းသည် မြန်မာအစိုးရဖိတ်ကြားချက်အရ ဘိန်းခင်းများဖျက်ဆီးရာသို့ လည်းကောင်း၊ ဘိန်းပင်များခုတ်ထွင်ပြီး ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးရာသို့လည်းကောင်း၊ ဖမ်းမိသောမူးယစ်ဆေးများကို အစိုးရက မီးရှို့ဖျက်ဆီးရာသို့လည်းကောင်း အကြိမ်ကြိမ် လိုက်ပါခဲ့ပြီး တွေ့ရှိချက်များကို ဝါရှင်တန်ဒီစီရှိ DEA ဌာနချုပ်သို့ အစီရင်ခံခဲ့သည်။ ရန်ကုန်ရှိ အမေရိကန်သံအမတ်ကြီးနှင့် CIA အရာရှိတို့က ရစ်ချဒ်ဟွန်း၏ အစီရင်ခံစာကို တင်မပေးဘဲ ဖျောက်ဖျက်ပစ်ခြင်း၊ ရစ်ချဒ်ဟွန်း၏ တယ်လီဖုန်းကိုကြားဖြတ်ခိုးယူနားထောင်ခြင်း၊ ရစ်ချဒ်ဟွန်းကို ဝါရှင်တန်ပြန်ခေါ်စေခြင်းတို့ကြောင့် တရားစွဲခြင်းဖြစ်သည်။

ထိုသတင်းဖြစ်ရပ်များကို ကြည့်လျှင် အမေရိကန် ကြောင်သူတော်ကြီး၏ မသမာမှုများကို ရိပ်စားမိလောက်ပါပြီ။ ဂရုစိုက်ရန်မလိုပါ။ မြန်မာနိုင်ငံမြောက်ပိုင်းမှ မာဖီးယားဂိုဏ်း၊ ဒေဝဒတ်ဂိုဏ်း၊ ဓမ္မန္တရာယ်-ဇောက်ထိုးများကို အပြတ်သာရှင်းပါတော့ခင်ဗျား။ ။

> ❝ **ထိုအုပ်စု (မာဖီးယားဂိုဏ်း)များသည် လူ့အသက်ကို ဖက်ရွက်ပမာ ရက်စက်စွာ သတ်ဖြတ်ခြင်း၊ မတရားစော်ကားခြင်း (ရဟန်းသံဃာတော်များသတ်ဖြတ်ခြင်း)၊ နိုင်ငံကိုသစ္စာမဲ့ခြင်းတို့ကြောင့် ဒေဝဒတ်ဂိုဏ်းဟူ၍ ခေါ်ဆိုရပေမည်။ ဗုဒ္ဓဘာသာဝင်များ တည်ထားကိုးကွယ်ပူဇော်လျက်ရှိသည့် စေတီတစ်ဆူကို MNDAA သောင်းကျန်းသူ အဖွဲ့ဝင်တစ်ယောက်က ပန်းပဲဖိုသုံးတူကြီးဖြင့် တအားကုန်လွှဲထုကာ ဖျက်ဆီးနေပုံကို သတင်းပုံနှင့်တကွ မြင်လိုက်ရပေသည်။ ထိုလုပ်ရပ်ကို တစ်ခဲနက် ဆန့်ကျင်ရှုတ်ချသော လူထုဆန္ဒပြပွဲ သတင်းကိုလည်း တစ်နိုင်ငံလုံးတွင် တွေ့ရသည်။ ထို့ကြောင့် MNDAA နှင့် အပေါင်းအပါများသည် မိစ္ဆာဒိဋ္ဌိအဖွဲ့၊ ဘာသာသာသနာဖျက်အုပ်စု၊ ဓမ္မန္တရာယ်ဂိုဏ်း၊ အဝီစိသို့ ဇောက်ထိုးဆင်းရမည့် ဇောက်ထိုးများဂိုဏ်းဟူသော အမည်နာမများဖြင့် ကင်းပွန်းတပ်** ❞

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြား

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေး-မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တားဆီးကာကွယ်မီဒီယာအဆိပ်သင့်အန္တရာယ်နှင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်သူများအား အသိအမြင်လွဲမှားစေရန်နှင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ဖေ့စ်ဘွတ်စာမျက်နှာများပေါ်တွင် မီဒီယာအချို့က သတင်းတု၊ သတင်းမှားများကို ရေးသားဖော်ပြလျက်ရှိပါကြောင်း၊ ထို့ကြောင့် သတင်းမှန်များ သိရှိစေရန်အတွက် မိမိတို့ ဝန်ကြီးဌာနက ရေးသားထုတ်ပြန်သည့် သတင်းစာများ၊ website များကို ဖတ်ရှုကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် ပကတိအခြေအနေများကို အသိတရားဖြင့် ရှုမြင်သုံးသပ်၍ ယုံကြည်ကြစေလိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူ တစ်သားတည်းရှိရန်လည်း လိုအပ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားစဉ်။

**ဒုစရိုက်မှုအမျိုးမျိုး ကျူးလွန်နေ**

၁၉၈၈ ခုနှစ်က မိမိတို့နိုင်ငံတွင် မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်ခဲ့မှုများကြောင့် မြန်မာနိုင်ငံသားများ၏ ဂုဏ်သိက္ခာကျဆင်းရုံသာမက ကမ္ဘာတွင် အရှက်ရစေခဲ့ပါကြောင်း၊ ယခုတွင်လည်း အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ သတ်ဖြတ်ပြီး ဒုစရိုက်မှုအမျိုးမျိုး ကျူးလွန်နေကြပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လူငယ်နှင့် ပညာရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေး ဘာသာရပ်များကို ကြိုးစားသင်ယူ၍ အနာဂတ်တွင် မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးကို လိုလားသည့် စိတ်၊ နိုင်ငံကို ချစ်သည့်စိတ်တို့ဖြင့် အကြမ်းဖက်မှုများကို ဝိုင်းဝန်းဆန့်ကျင် တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ အရေးသည် နိုင်ငံသားတိုင်းနှင့် သက်ဆိုင်သည့်အတွက် မိမိနှင့်သက်ဆိုင်သည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်လိုပါကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများသည် အနာဂတ် နိုင်ငံတော်၏ သားကောင်း ရတနာများဖြစ်၍ မိမိတို့ တန်ဖိုးထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကအားထားရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနန်းဆိုင်ဟွမ်က ကျေးဇူးတင်စကားပြောကြားသည်။

**မဲဖောက်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား MRTV DTH စလောင်း ငါးစုံနှင့် DVB T2 Set Top Box ၆၅ လုံးတို့ကို မဲဖောက်၍ ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကံစမ်းမဲပေါက်သူတစ်ဦးအား MRTV DTH စလောင်း တစ်စုံ ပေးအပ်စဉ်။

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း) အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်(ရေဆင်း)၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ဘွဲ့ကြိုသင်တန်းပေါင်းစုံ အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းက အဆိုပါ တက္ကသိုလ်ရှိ ရန်အောင်မြင် ကျောင်းသားအဆောင်၌ ကျင်းပသည်။



အားကစား ပြိုင်ပွဲများတွင် ဖူဆယ်ပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ Scrabble ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ E-sport ပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး ပထမနှစ်မှ ပဥ္စမနှစ်အထိ ဘွဲ့ကြိုသင်တန်းအားလုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအလိုက် ဆုရရှိသူများကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား) နှင့် ဆရာ ဆရာမများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ်၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ကျင်းပ

**သံဖြူဇရပ် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်လူအေးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီကလူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက အစီအစဉ် တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် ကိုယ်ကျင့်တရား ခေါင်းစဉ်များဖြင့်ဆွေးနွေးကြပြီး တက်ရောက်လာသည့်ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက ပြန်လည်ဖြေကြားဆွေးနွေးပေးခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၈**။ ။နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

စာအုပ်စာပေ လူ့မိတ်ဆွေ စာပေမြင့်မှ လူမျိုးတင့်မည်

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ရွှေစင်ရွှေပြား(၁)ချပ် (အရွယ် တစ်ပေ x တစ်ပေ) အလေးချိန် ရွှေတစ်ကျပ်သားအတွက် ငွေကျပ် ၂၅၀၀၀၀၀ ဖြင့် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင် လှူဒါန်းလိုပါက ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်း ငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ လှူဒါန်းလိုပါက ဦးမောင်မောင် ဒုတိယမြို့တော်ဝန် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၉-၄၀၄၄၃၄၄၉၉ နှင့် ဦးထွန်းကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော် ဖုန်း-၀၉-၅၁၃၅၆၉၈ တို့ထံ ဆက်သွယ် နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မဟာဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၃ ခုနှစ်၊ ဓမ္မာစရိယ စာမေးပွဲတွင် အောင်မြင်ခဲ့သော အစိုးရ ဓမ္မာစရိယ သုံးကျမ်းအောင် ၁၃၀၃ ပါး၊ အစိုးရ ဓမ္မာစရိယ အထူးအောင် ၄ ပါး၊ ပါဠိဂုဏ်ထူးအောင် ၃ ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၂ ပါး၊ ပါဠိပထမပြန် အထူးအောင် ၁၆ ပါး၊ နိကာယ်အထူးအောင် ၁၃ ပါး၊ မဟာဝိဒူအောင် ၁၆ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အထူးအောင် ၉ ဦး တို့ထံ ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်၊ ကြာသပတေးနေ့ မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့၊ မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည် ဖြစ်သည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ အထူးအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ဆက်ကပ်ပင့်ဆောင် မည်ဖြစ်ပါသည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့၊ မဟာအတုလ ဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။

**သတင်းစဉ်**



## စာကြည့်တိုက်နှင့်စပ်လျဉ်းသည့် သိကောင်းစရာများ မျှဝေဆွေးနွေးခြင်း ခေါင်းစဉ်ဖြင့် အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာ မျှဝေရေးအစီအစဉ် (Knowledge Sharing Program–KSP)အရ ကျင်းပသည့် ဆွေးနွေးပွဲ အမှတ်စဉ် (၃၇) ကို "စာကြည့်တိုက်နှင့်စပ်လျဉ်း၍ သိကောင်းစရာများမျှဝေဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများအနေဖြင့် စစ်ဆေးရေးနှင့် ရုံးလုပ်ငန်း စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု အရည်အသွေးများ ပြည့်ဝနေစေရန်သာမက မဟာဗျူဟာကျသည့် အသိအမြင်များ၊ တွေးခေါ်မြော်မြင်မှုနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းများလည်း ပြည့်ဝနေရန်လိုအပ်ပါကြောင်း၊ ယနေ့တွင်လည်း ၁၉၇၄ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာကြည့်တိုက် ထားရှိမှုစနစ်များ ခေတ်မီဆန်းသစ်ပြီး အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုများနှင့် စာကြည့်တိုက်ပညာရပ်ဆိုင်ရာများကို ဆွေးနွေးပေးသွားမည်ဟု သိရှိရပါကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာများ တိုးပွားပြီး လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် စာအုပ်စာပေများကို ပိုမိုဖတ်ရှုသွားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စီစီလွန်းတင်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ အဆင့်ဆင့်တိုးတက်ဖြစ်ပေါ်ပြောင်းလဲလာပုံ၊ အမျိုးသားစာကြည့်တိုက်တွင် ထားရှိသည့် ပုံစံများနည်းတူ ဆောင်ရွက်ထားရှိမှုများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နဝရတ်ခန်းမနှင့် အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းခန်းမမှလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက အွန်လိုင်းမှလည်းကောင်း တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေးဆိုင်ရာလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

(ASEAN Economic Community–AEC) အေအီးစီ ၂၀၂၅ အတွက် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးကော်မတီက ဖွဲ့စည်းပေးထားသော "ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်း ကျင့်သုံးရေး (Good Regulatory Practice – GRP) ဆိုင်ရာလုပ်ငန်းကော်မတီ"၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အာဆီယံစီးပွားရေး အသိုက်အဝန်း လမ်းပြမြေပုံ (၂၀၂၅) တွင် ပါရှိသော လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ(၂၂)ရပ်ကို သက်ဆိုင်ရာကဏ္ဍအလိုက် ဖွဲ့စည်းထားရှိရာ "ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice – GRP)ဆိုင်ရာ လုပ်ငန်းကော်မတီ" သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့်လည်း GRP ဆိုင်ရာ လုပ်ငန်းစီမံချက်အရ GRP ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းစီမံချက်ပါ အဓိကလုပ်ငန်းကြီး (၄)ရပ်တွင် ပြဋ္ဌာန်းဖော်ပြထားသည့် ဦးစားပေး နယ်ပယ်များနှင့် မဟာဗျူဟာများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်အချိန်ကာလများအတိုင်း ဆောင်ရွက်သွားကြခြင်းဖြင့် နိုင်ငံအတွင်း Good Governance၊ e-Government၊ Stakeholders Engagement ကိစ္စရပ်များ တိုးတက်လာစေခြင်း၊ လုပ်ထုံးလုပ်နည်းများကြောင့် ဖြစ်ပေါ်လာရသော အခက်အခဲများကို လျှော့ချပေးကာ ပိုမိုကောင်းမွန်ပြီး ထိရောက်မှုရှိသော စီမံမှုလုပ်ထုံးလုပ်နည်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန/ဦးစီးဌာနများအလိုက် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေနိုင်သည့် အကျိုးရလဒ်ကောင်းများ ရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အဖွဲ့ဝင်ဌာနများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ကော်မတီဝင်များ၏ အကြံပြုဆွေးနွေးမှုများအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒဂုံတက္ကသိုလ်၌ "လူငယ်စကားဝိုင်း"ကျင်းပ



**ဒဂုံအရှေ့ ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒဂုံတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့က ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ စန်းစန်းမွေးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းစတင်ခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးနှင့်အတူ တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် ဒဂုံတက္ကသိုလ်မှမြန်မာစာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာခိုင်မော်ဝင်းတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူခြောက်ဦးတို့က လူငယ်နှင့် စာပေ၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း၊ လူငယ်နှင့် အနာဂတ် အစရှိသည့် ခေါင်းစဉ်ခြောက်မျိုးဖြင့် အပြန်အလှန် ဆွေးနွေးကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

**ဖူးမို(ပြန်/ဆက်)**

# စင်ကာပူနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုခံရ

**စင်ကာပူ ဇန်နဝါရီ ၁၈**

စင်ကာပူနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး အက်စ်အစ်ဝါရန်အား အဂတိလိုက်စားမှု ၂၇ မှုဖြင့် ဇန်နဝါရီ ၁၈ ရက်က တရားစွဲဆိုခဲ့ကြောင်း ဒေသန္တရမီဒီယာများက ပြောကြားသည်။

**အစားထိုးခန့်အပ်**

၎င်းအား ပို့ဆောင်ရေးဝန်ကြီးရာထူးတာဝန်မှ ရပ်ဆိုင်းခဲ့ပြီး ၎င်း၏နေရာတွင် ချီဟွန်တက်အား ပို့ဆောင်ရေးဝန်ကြီးအဖြစ် အစားထိုးခန့်အပ်ခဲ့သည်။

၎င်းသည် ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးထံမှ တံစိုးလက်ဆောင်ရယူပြီး အဂတိလိုက်စားကာ တရားမျှတမှုကို ဖျက်ကွယ်ပြုခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ အစ်ဝါရန်သည် ဒေသခံစီးပွားရေးသမားတစ်ဦးဖြစ်သူ အွန်ဘန်ဆန်ထံမှ စင်ကာပူဒေါ်လာ ၃၈၄၀၀၀ လက်ခံရယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသော်လည်း ယင်းအမှုကို မကျူးလွန်ကြောင်း ၎င်းက ငြင်းဆိုခဲ့သည်။ ယင်းကိစ္စအား အစိုးရက ဥပဒေနှင့်အညီ တင်းတင်းကျပ်ကျပ် ကိုင်တွယ်မည်ဖြစ်ပြီး အာဏာရပြည်သူ့လုပ်ရှားမှုပါတီနှင့် အစိုးရ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် ဆုံးဖြတ်ထားကြောင်း ဝန်ကြီးချုပ်လီရှန်လွန်းက မှတ်ချက်ပြုသည်။ မိမိတို့အာဏာရပါတီသည် အဂတိလိုက်စားမှု ကျူးလွန်ခြင်းအပေါ် လုံးဝသည်းခံခွင့်လွှတ်မည် မဟုတ်ကြောင်း ဒုတိယဝန်ကြီးချုပ် လောရင့်ဝေါင်းက ပြောကြားသည်။

စင်ကာပူနိုင်ငံ၏ အကျင့်ပျက်ခြစားမှု စုံစမ်းစစ်ဆေးရေးဗျူရိုသည် အစ်ဝါရန်ကို ၂၀၂၃ ခုနှစ် ဇူလိုင်လမှစတင်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**






## အင်ဒိုနီးရှားနိုင်ငံက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးရေး ဆေးရုံသင်္ဘောတစ်စင်း ဂါဇာကမ်းမြောင်သို့ စေလွှတ်

**ဂျကာတာ ဇန်နဝါရီ ၁၈**

အင်ဒိုနီးရှားနိုင်ငံသည် ဂါဇာကမ်းမြောင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးရေးအတွက် ဆေးရုံသင်္ဘောတစ်စင်းကို ယနေ့ စေလွှတ်ခဲ့ကြောင်း သိရသည်။

ဂါဇာဒေသ၌ ပြီးခဲ့သည့် အောက်တိုဘာလတွင် စတင်ဖြစ်ပွားခဲ့သည့် အစ္စရေးနှင့် ဟားမတ်စ်ပဋိပက္ခကြောင့် လူပေါင်း ၂၄၀၀၀ ကျော် သေဆုံးပြီး ဒဏ်ရာရရှိသူပေါင်း ၆၁၀၀၀ ကျော် ရှိခဲ့သည်။

အင်ဒိုနီးရှား ဆေးရုံသင်္ဘောပေါ်တွင် သင်္ဘောသား ၂၀၀ ကျော်နှင့်အတူ ဆေးဝါးများ၊ စောင်များ၊ အဝတ်များ၊ နို့ထွက်ပစ္စည်းများ၊ ဘီစကွတ်များ၊ သောက်သုံးရေနှင့် ခေါက်ဆွဲခြောက်များအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပါရှိကြောင်း သိရသည်။

သင်္ဘောကို ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ရာဖာမြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော အီဂျစ်နိုင်ငံ အယ်လ်အာရစ်ရှ်မြို့သို့ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးမည် ဖြစ်သည်။

သင်္ဘောထွက်ခွာပြီး ၅၂ ရက်အကြာတွင် ဂျကာတာသို့ပြန်လာမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရက ရည်မှန်းထားသည်။

အဆိုပါကူညီထောက်ပံ့မှုသည် အစ္စရေးတပ်ဖွဲ့၏ ထိုးစစ်များကို ခုခံကာကွယ်ရန် ကြိုးပမ်းရာတွင် ပါလက်စတိုင်းတို့အား အင်ဒိုနီးရှားနိုင်ငံက ထောက်ခံကြောင်း သက်သေပြသခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပရာဘိုဝို ဆူဘီရန်တိုက မြို့တော်ဂျကာတာရှိ ဆိပ်ကမ်းတစ်ခု၌ ဆေးရုံသင်္ဘောစေလွှတ်ခြင်း အခမ်းအနားတွင် ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ထိုင်းနိုင်ငံအလယ်ပိုင်းရှိ မီးရှူးမီးပန်းစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား၊ အလုပ်သမား ၂၀ သေဆုံး

**ဗန်ကောက် ဇန်နဝါရီ ၁၈**

ထိုင်းနိုင်ငံ အလယ်ပိုင်း ဆူဖန်ဘူရီစီရင်စုရှိ မီးရှူးမီးပန်း စက်ရုံတစ်ခု၌ ဇန်နဝါရီ ၁၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အလုပ်သမား ၂၀ ခန့် သေဆုံးခဲ့ကြောင်း ထိုင်းရဲအရာရှိများက ယနေ့ ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်အချိန်တွင် စက်ရုံ၌ အလုပ်သမားများက မီးရှူးမီးပန်းများ ပြုလုပ်လျက်ရှိသည်။

စက်ရုံအဆောက်အအုံသည် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းပြီး ပျက်စီးသွားခဲ့ကြောင်း မှတ်တမ်းတင်ဗီဒီယိုဖိုင်တွင် မြင်တွေ့ရသည်။

၂၀၂၂ ခုနှစ်တွင်လည်း မီးရှူးမီးပန်းစက်ရုံတစ်ရုံတွင် မီးလောင်မှု ဖြစ်ပွားခဲ့ပြီး လူအများအပြားသေဆုံးခဲ့ကြောင်း ဒေသတွင်း မီဒီယာများက ပြောကြားသည်။

ထိုင်းအာဏာပိုင်များသည် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပုံနှင့် စက်ရုံ၏ဘေးကင်းရေး စီမံခန့်ခွဲမှုအပေါ် စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



## တောင်ကိုရီးယား နည်းပညာကုမ္ပဏီ ဆမ်ဆောင်းက အချိန်နှင့်တစ်ပြေးညီ ဘာသာပြန်ဆိုနိုင်သည့် စမတ်ဖုန်းစီးရီးသစ်တစ်ခု စတင်မိတ်ဆက်

**ဆိုးလ် ဇန်နဝါရီ ၁၈**

တောင်ကိုရီးယား နည်းပညာကုမ္ပဏီ ဆမ်ဆောင်းသည် ဉာဏ်ရည်တုနည်းပညာသုံး အချိန်နှင့်တစ်ပြေးညီ ဘာသာပြန်ဆိုနိုင်သည့် လုပ်ဆောင်ချက်များပါဝင်သော စမတ်ဖုန်းစီးရီးသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

ဆမ်ဆောင်းသည် ၎င်း၏ GalaxyS24 ဖုန်းအမျိုးအစားသစ်ကို ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဂျို့စ်မြို့၌ ဇန်နဝါရီ ၁၇ ရက်တွင် ကျင်းပသော စမတ်ဖုန်းပြပွဲတစ်ခု၌ စတင်မိတ်ဆက်ခဲ့သည်။




အဆိုပါ GalaxyS24 ဖုန်းအမျိုးအစားသစ်တွင် ဂျပန်ဘာသာစကားအပါအဝင်ဘာသာစကား ၁၃ မျိုးကို ဖုန်းခေါ်ဆိုမှုများ ပြုလုပ်စဉ်အတွင်းနှင့် စာတိုပေးပို့မှုများတွင် ဘာသာပြန်ဆိုပြီး အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်သည်။

လက်ရှိတွင် တောင်ကိုရီးယားကုမ္ပဏီ SK Telecom သည် ၎င်း၏ အက်ပလီကေးရှင်းမှတစ်ဆင့် ဖုန်းခေါ်ဆိုမှုများအတွင်း ဉာဏ်ရည်တုနည်းပညာသုံး ဘာသာပြန်ဝန်ဆောင်မှုကို ပြည်သူများအား ဝန်ဆောင်ပေးလျက်ရှိသည်။

သို့သော် ဆမ်ဆောင်း စမတ်ဖုန်းအသစ်များသည် ဘာသာပြန် အက်ပလီကေးရှင်းများကို အပိုထည့်သွင်းစရာမလိုဘဲ အလိုအလျောက် ဘာသာပြန်မှုများကို ထည့်သွင်းထားကြောင်း သိရသည်။

နောက်ဆုံးထွက်စီးရီးများသည် ဉာဏ်ရည်တုနည်းပညာသုံး မိုဘိုင်းစက်ပစ္စည်းများ၏ ခေတ်သစ်သို့ ဦးတည်သွားလျက်ရှိကြောင်း စမတ်ဖုန်းပြပွဲ၌ ဆမ်ဆောင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ဂါဇာကမ်းမြောင်ဒေသသို့ဆေးဝါးနှင့် ထောက်ပံ့ရေးပစ္စည်းများရောက်ရှိ

**ဂါဇာ ဇန်နဝါရီ ၁၈**

ဂါဇာကမ်းမြောင်ဒေသသို့ ကြိုတင်ညှိနှိုင်းထားသည့်အတိုင်း ဆေးဝါးနှင့် ထောက်ပံ့ရေးပစ္စည်းများရောက်ရှိသွားပြီဖြစ်ကြောင်း ကာတာနိုင်ငံက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

လက်ရှိတွင် ဆေးဝါးနှင့်ထောက်ပံ့ရေးပစ္စည်း ၆၁ တန်ကို ပေးပို့နိုင်ခဲ့ကြောင်းသိရသည်။ အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့အကြား ဂါဇာကမ်းမြောင် ဒေသရှိ ဓားစာခံများအတွက် ဆေးဝါးပေးပို့ရေးဆိုင်ရာ သဘောတူညီချက်ရရှိခဲ့ပြီးနောက် အပြန်အလှန်အားဖြင့် ပါလက်စတိုင်းဒေသခံများကို အကူအညီများပေးအပ်ရန် သဘောတူညီခဲ့ကြောင်း ကာတာနိုင်ငံက မှတ်ချက်ပြုပြောကြားသည်။ လက်ရှိတွင် ကာတာနိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ဂါဇာသို့အများအပြားပေးပို့နိုင်ရေးအတွက် ထပ်မံကြိုးပမ်းဆောင်ရွက်နေသည်။

ကာလရှည်ကြာပဋိပက္ခဖြစ်ပွားမှုကြောင့် အငတ်ဘေးနှင့် ကူးစက်ရောဂါများပျံ့နှံ့လာမည်ကို တာဝန်ရှိသူများက စိုးရိမ်နေကြသည်။ လက်ရှိတွင် ဂါဇာတောင်ပိုင်းရှိ ခန်ယူနစ်ဒေသတွင် အစ္စရေးတပ်ဖွဲ့က စစ်ဆင်ရေးများ အများအပြားဆင်နွှဲနေပြီး ဟားမတ်စ်စစ်သွေးကြွ ၃၀ ကျော်ကို သုတ်သင်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဒန်နီယယ် ဟာဂါရီက ပြောကြားသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# ပဲခူးမြို့၌ ကရာတေးအခြေခံ ကိုယ်လုံပညာသင်တန်းဆင်းပွဲ ကျင်းပ



**ပဲခူး ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကိုယ်လုံပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ တက်ရောက်အားပေးသည်။

**အမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဘက်ပေါင်းစုံမှ မြှင့်တင်ပေးရန်၊ ဘဝလုံခြုံရေးကိုလည်း ကာကွယ်စောင့်ရှောက်ပေးရန်၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ပိုမိုမြတ်နိုးတန်ဖိုးထားတတ်စေရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အမျိုးသမီးများ အကြမ်းဖက်မှု/ လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှုများမှ ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ယခုလို ကိုယ်လုံပညာသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာထံပေးအပ်ပြီး သင်တန်းနည်းပြဆရာများကိုလည်း ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စိုးစိုးသက်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၅ ရက်မှ ဇန်နဝါရီ ၁၆ ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၁၀၀ တက်ရောက်ကာ သင်တန်းနည်းပြဆရာများက ကရာတေးအခြေခံနည်းစနစ်များ၊ လက်နက်မဲ့ တိုက်ခိုက်ခြင်းနည်းစနစ်များ၊ နှစ်ယောက်ယှဉ်ပြိုင် တိုက်ခိုက်ခြင်းနည်းစနစ်များ၊ ဓားမြောင်သမားအား လက်နက်မဲ့ခုခံကာကွယ်ခြင်းနည်းစနစ်များ စသည်တို့ကို လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တပ်ကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့မွန်းတည့် ၁၂ နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။



အခမ်းအနားကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစန်းလွင်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးငွေပဒေသာပင် ကြီးကြပ်မှုကော်မတီဝင်ရှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းအဆင့် "A" ရရှိသော ကျောင်းသား ကျောင်းသူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့် ဥာဏ်စမ်းဆုရရှိသော ကျောင်းသားကျောင်းသူများ၊ ကာယဆုရရှိသော ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၉၈ ဦးအား ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ တက်ရောက်လာသည့် ဧည့်သည်များနှင့် ကျောင်းသားမိဘများအား ကျောင်းသားကျောင်းသူများက အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေ၍ အခမ်းအနားကို ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုပြီး ကျင်းပခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)



# လမ်းမတော်မြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ဇာတိမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ လမ်းမတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှသိန်းနှင့် လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးချိုမြင့်တို့က အမှာစကားများပြောကြားပြီး လမ်းမတော်မြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့်ကျောင်းအုပ်ဆရာမကြီးတို့က ပညာရည်ချွန်ဆုရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ ဆက်လက်ပြီး ကျောင်းအုပ်ဆရာမကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ဆုချီးမြှင့်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

ကျော်ဆန်းမြင့်

# လသာမြို့နယ်၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လသာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ လသာမြို့နယ်ပညာရေးမှူး ဒေါ်နော်ဖောဇာက စုံညီပွဲတော်ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နန်းသဲနုအောင်(ပြန်/ဆက်)

# မှော်ဘီမြို့နယ် အထက(သန္ဓေပင်)၌ ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

**မှော်ဘီ ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(သန္ဓေပင်) ပညာသန္ဓေခန်းမ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီခရိုင် လက်ထောက်ပညာရေးမှူး ဒေါက်တာမိုးစန္ဒာသိန်းနှင့် သန္ဓေပင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အေးတို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီခဲ့ကြသော အလှူရှင်များအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမာနှင့် တာဝန်ရှိဆရာမများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဘက်စုံပညာရည်ချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။



ဝင်းဇော်(မှော်ဘီ)

# မုဒုံမြို့၌ မွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး



**မုဒုံ ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၂)ရပ်ကွက်ရှိ ကွင်းအမှတ် - ၈၄၄(ခ) တွင် မွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျာထားသည့်မြေနေရာသို့ ယနေ့မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မွေးမြူရေးဇုန်လျာထားမည့်မြေဧရိယာ ၁၂၇ ဧကကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သားငယ်(ပြန်/ဆက်)

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို




ဦးညိုလုံး


ဦးသိန်းဟန်


ခွန်ကျော်ဆန်း


ဦးစိုးမြင့်


ဦးသန်းကျော်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ်များအတွင်းရှိဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၂၅ ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင်ငါးဦး စုစုပေါင်း ၃၀ တို့သည် ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက်ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ် လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း၌ ဖူးမြော်လေ့လာကြသည်။ ထို့နောက် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သော ပစ္စည်းများ၊ မာရဝိဇယ ဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနဝ္ဇမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများအား ယခုလို ကြားသိခဲ့ရပါတယ် -

**ဦးညိုလုံး (စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ)**

ဘုရားကြီးကို တည်ထားပူဇော်ရတဲ့ ရည်ရွယ်ချက်လေးရပ်မှာ ကိုယ့်ရဲ့ဘာသာ သာသနာပြန့်ပွားဖို့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ကြီးက ဦးဆောင်ဒါယကာအနေနဲ့ ဆောင်ရွက်သွားတာက အင်မတန်မှ လေးစားဖွယ်၊ ဂုဏ်ယူဖွယ်ကောင်းပါတယ်။ အတုယူဖွယ်လည်းကောင်းပါတယ်။ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အခါမှာ ကိုယ့်အရပ်၊ ကိုယ့်ဒေသမှာ ကိုယ့်ဘာသာ သာသနာပြန့်ပွားအောင် ဆက်လက်ဆောင်ရွက်ဖို့အတွက်အင်အားတွေရရှိလာသလို ခံစားရပါတယ်လို့ ပြောချင်ပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးက တန်ခိုးကြီးဘုရားတွေရဲ့ဂေါပကတွေ လာရောက်ဖူးမြော်ကြတာကို တီဗွီမှာ တွေ့လိုက်ရတော့ အင်မတန်မှ ဝမ်းသာခဲ့ပါတယ်။ ကိုယ့်အလှည့်ကိုဘယ်တော့ ရောက်မလဲ ဆိုပြီး မျှော်လင့်ခဲ့မိပါတယ်။ မျှော်လင့်ခဲ့တဲ့အတိုင်းပဲ အခုအကြီးအကဲတွေက စီစဉ်ပေးတဲ့အတွက် လာရောက် ဖူးမြော်ခွင့်ရခဲ့ပါပြီ။ ထိုနည်းအတူပဲ ကျန်နေသေးတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက ဂေါပကအဖွဲ့ဝင်တွေအားလုံးစုံစုံညီညီနဲ့ ဒီလိုမျိုး ပြည်နယ်၊ တိုင်းဒေသကြီးတစ်ခုလုံးမှာ၊ အနှံ့အပြားမှာပြန့်ပွားသွားမယ်ဆိုရင် တစ်နေရာစီက ဘာသာသာသနာအတွက် ထွန်းလင်းတောက်ပြောင်တဲ့ ဆောင်ရွက်မှုတွေထွက်ပေါ်လာမယ်လို့ယုံကြည်မျှော်လင့်မိပါတယ်။

**ဦးသိန်းဟန် (တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်ဘုရား ဂေါပကအဖွဲ့ဝင်)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စတင်တည်ထားကတည်းက ကျွန်တော်တို့ အလွန်ဖူးမြော်ချင်ခဲ့တာပါ။ အခုလို လာရောက် ဖူးမြော်ခွင့်ရတဲ့အတွက် ရင်ထဲမှာအတိုင်း မသိကျေနပ်မိပါတယ်။ တကယ်ကြည်နူးပါတယ်။ ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေအတွက် အလွန်ကိုဂုဏ်ယူစရာကောင်းပါတယ်။ အလွန်လည်း ပီတိဖြစ်စရာ ကောင်းပါတယ်။ နောင်လာမယ့်မျိုးဆက်သစ်တွေအတွက်လည်း ဒီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ဂုဏ်ယူစရာတစ်ရပ်အနေနဲ့ အမြဲတမ်းတည်ရှိနေမယ်လို့ ယုံကြည်ပါတယ်။

**ခွန်ကျော်ဆန်း(မွေတော်ကက္ကူ ဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး)**

နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ကျွန်တော်တို့ ဂေါပကအဖွဲ့ကို အခုလိုဖိတ်ကြားပေးတဲ့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့နဲ့ ပြည်နယ်ဝန်ကြီးချုပ်က အခုလို စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဗုဒ္ဓဘာသာသာသနာ ထွန်းကားအောင် နိုင်ငံတော်အစိုးရအနေနဲ့ ကမ္ဘာမှာအကြီးဆုံး၊ အမြင့်ဆုံးဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်ပြီး ဆောင်ရွက်ပေးတဲ့အတွက် ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဂုဏ်ယူမဆုံးဖြစ်မိပါတယ်။ သာသနာတော်ကြီး ထွန်းကားပြန့်ပွားအောင် ထိန်းသိမ်း စောင့်ရှောက်ကြဖို့အတွက် ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေအားလုံးမှာ တာဝန်ရှိပါတယ်။

**ဦးစိုးမြင့် (ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အခုလို လာရောက် ဖူးမြော် ကြည်ညိုနိုင်ဖို့အတွက် ပြည်နယ်ဝန်ကြီးချုပ်က အစစအရာရာ စီစဉ်ပေးပါတယ်။ ဘုရားကြီးကို ဖူးမြော်လိုက်ရတဲ့အချိန် ရင်ထဲမှာဖြစ်ပေါ်လာတဲ့ ပီတိဖြစ်မှုက ဘာနဲ့မှမလဲနိုင်အောင် အေးချမ်းလွန်းပါတယ်။ ကိုယ်တိုင်ဂေါပကတာဝန်ကို ထမ်းဆောင်နေတဲ့ သူတစ်ယောက်ဖြစ်တဲ့အတွက် ဘုရားကြီးကိုဖူးမြော်ကြည်ညိုရင်း ဘုရားပရိဝုဏ်တစ်ခုလုံးသန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းစိုပြည်နေအောင် စနစ်တကျ စီမံခန့်ခွဲမှုတွေ ဆောင်ရွက်ထားတာကိုလည်း သတိထားလေ့လာမိပါတယ်။ ဂေါပကတစ်ယောက်အနေနဲ့ သာသနိကအဆောက်အအုံတွေကို ရေရှည်တည်တံ့အောင် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမယ်၊ သက်ဆိုင်ရာကဏ္ဍတွေအလိုက်ဘယ်လိုတည်ဆောက်ရမယ်၊ ဝန်ထမ်းတွေကို ဘယ်လိုစီမံခန့်ခွဲရမလဲဆိုတဲ့ ဗဟုသုတတွေလည်း အများကြီးလေ့လာခဲ့ရပါတယ်။ ဘုရားကြီးကို တည်ဆောက်ထားတဲ့ အဆင့်မြင့်နည်းပညာတွေကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ဉာဏ်တော် အမြင့်ဆုံးဖြစ်တဲ့ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိုယ့်နိုင်ငံမှာ အခုလို တည်ထားပူဇော်နိုင်ခဲ့တဲ့အတွက် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး တစ်ယောက်အနေနဲ့ များစွာ ဂုဏ်ယူမိပါတယ်။ အတုယူဖို့ကောင်းတဲ့ စီမံခန့်ခွဲမှုနည်းစနစ်တွေကိုလည်း လေ့လာမှတ်သားပြီး ကျွန်တော်တို့တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရတဲ့ ဘုရားစေတီတွေ ပိုမိုကြည်ညိုဖွယ်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကျိုးရှိရှိ ပြန်လည်အသုံးချ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးသန်းကျော် (တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ဝင်)**

ပြည်နယ်ဝန်ကြီးချုပ်ရဲ့ စီစဉ်ပေးမှုနဲ့ တောင်ကြီးမြို့နယ်နဲ့ ညောင်ရွှေမြို့နယ်အတွင်းမှာရှိတဲ့ ဂေါပကအဖွဲ့တွေစုပြီး လာကြတာဖြစ်ပါတယ်။ အခုလာရောက်တဲ့ ဘုရားဖူးအဖွဲ့မှာ ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့၊ မွေတော်ကက္ကူဘုရားဂေါပကအဖွဲ့၊ စူဠာမုနိဘုရားဂေါပကအဖွဲ့၊ ရွှေဘုန်းပွင့်ဘုရား ဂေါပကအဖွဲ့နဲ့ တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ဆိုပြီး ဂေါပကအဖွဲ့ငါးဖွဲ့ပါပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်လိုက်ရတဲ့အချိန်မှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ရော မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ပါ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိတဲ့စိတ်တွေဖြစ်လာပါတယ်။ အခုလို ခမ်းနားကြီးကျယ်ပြီး ကြည်ညိုဖွယ်ရာ ကောင်းလွန်းတဲ့ ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးကို တည်ထားပူဇော်ဖို့ဆိုတာ တကယ်မလွယ်ကူတဲ့ကိစ္စပါ။ တော်ရုံတန်ရုံ သဒ္ဓါတရားလောက်နဲ့ မဖြစ်နိုင်တဲ့ကိစ္စပါ။ ဘုရားကြီးရဲ့ဂေါပကအဖွဲ့ဝင်တွေ ရှင်းပြတာကို နားထောင်ပြီး ဗီဒီယိုမှတ်တမ်းတွေကိုကြည့်လိုက်တဲ့အခါမှာ အခုလို ကြည်ညိုဖွယ်ရာ သပ္ပာယ်လှတဲ့ ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးကို တည်ထား ပူဇော်နိုင်ဖို့အတွက် ကြိုးစား ဆောင်ရွက်ခဲ့ကြတဲ့ တပ်မတော်သားတွေရဲ့ဖွဲ့လုံ့လနဲ့ ဆောင်ရွက်ချက်တွေကို ဘယ်လိုမှ မချီးကျူးဘဲ မနေနိုင်ပါဘူး။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာသာသနာ နေလိုလလို ထွန်းလင်းတောက်ပနေတယ်ဆိုတာကို ကမ္ဘာတစ်ဝန်းလုံးကိုပြသလိုက်တဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တယ်လို့ ဆိုချင်ပါတယ်ခင်ဗျာ။

**သတင်းစဉ်**

# ဂျပန်နိုင်ငံရှိ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများအား မြန်မာနိုင်ငံသားများ ပိုမိုရရှိစေရန် IBEC ဆောင်ရွက်နေ

ရန်ကုန် ဇန်နဝါရီ ၁၈

စစ်ကိုင်းအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာ (IBEC) ကျောင်းတိုက်အနေဖြင့် ဂျပန်နိုင်ငံရှိ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများအား မြန်မာနိုင်ငံသားများအတွက် ပိုမိုရရှိစေရန် ဆောင်ရွက်နေကြောင်း သိရသည်။ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ အဆိုပါကျောင်းတိုက်ကို IBEC ဆရာတော်ဟု လူသိများသည့် စတော့ဟုမ်း ငြိမ်းချမ်းရေးဆုရှင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ အရှင်သောဘိတက တည်ထောင်ထားခြင်းဖြစ်သည်။

Project Professor & Research Fellow Senior Member of IEEE ( Professor Dr.Shouji Usuda) ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ရောက်ရှိနေသော ကျောင်းအုပ်ဆရာတော် ဒေါက်တာအရှင်သောဘိတ ဦးဆောင်သည့် IBEC & KBU ပညာရေးအဖွဲ့က IRIYA City မြို့ရှိ Hosei University သို့ သွားရောက်လေ့လာခဲ့ကာ မြန်မာ–ဂျပန် အဆင့်မြင့်ပညာရပ်များ ပေါင်းကူးဆောင်ရွက်နိုင်ရန် IBEC ဆရာတော်အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း IBEC – Myanmar Official Information Office Committee ထံမှ သိရသည်။



IBEC & KBU ပညာရေးအဖွဲ့သည် ဂျပန်နိုင်ငံ Hamamatsu မြို့ရှိ OISCA အကယ်ဒမီနှင့် စိုက်ပျိုးရေး ကောလိပ်အပါအဝင် OISCA အထက်တန်းကျောင်းသို့သွားရောက်ကာ ပညာရေးပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးခဲ့ကြ**

အဆိုပါဆွေးနွေးပွဲသို့ OISCA ကျောင်းအုပ် Mr.Nakano Yoichiro၊ နိုင်ငံတကာကျောင်းသားရေးရာဌာနမှူး Mr.Hihara Morohito၊ နိုင်ငံတကာဆက်ဆံရေးအရာရှိ Mr.Nakamura Katsutoshi တို့ ပါဝင်ပြီး IBEC ပညာရေးအဖွဲ့တွင် ကျောင်းအုပ်ဆရာတော် ဒေါက်တာအရှင်သောဘိတ၊ အထွေထွေမန်နေဂျာ ဦးဘိုဘိုလင်း၊ ခနသစ်မန်နေဂျင်းဒါရိုက်တာ ဒေါ်မေညို၊ ဂျပန်နိုင်ငံနေ Research Associate ဦးသိန်းထိုက်၊ IBEC –IT ပညာရှင်၊ KBU –BOD အဖွဲ့တို့ ဆွေးနွေးရာတွင် မြန်မာနိုင်ငံရှိ အထက်တန်းဆင့်အောင်လူငယ်များ ပညာဆက်လက်သင်ကြားရေးကိစ္စ၊ ဂျပန်ဘာသာစကားသင်ကြားရေးကိစ္စ အပါအဝင် မြန်မာလူငယ်များ ဂျပန်နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းကိစ္စများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သစ်တော်

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Lucky Bag & Swallow Plastic စက်ရုံမှ အာမခံအလုပ်သမား ဦးကောင်းထွဋ်သည် ၂၀၂၃




ဒီဇင်ဘာ ၅ ရက် နံနက်၉နာရီခန့်တွင် စက်ရုံအတွင်း လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ် သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အာမခံအလုပ်သမား ဦးကောင်းထွဋ်အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို အာမခံအလုပ်သမား၏ ဖခင်ဖြစ်သူ ဦးဆန်းထွန်းအား အလုပ်ဌာနမှ တာဝန်ရှိသူများ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၏ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

JJJ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၅ | ၂၆၄၀ | ၂၆၂၀ | ၂၇၂၀ | ၂၇၃၅ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၅ | ၂၉၀၀ |
| 95 Ron | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၉၀ | ၂၇၇၅ | ၂၇၅၀ | ၂၈၅၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၇၅ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၆၆ | ၂၅၄၈ |
| 95 Ron | ၂၅၉၄ | ၂၆၇၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၇၆ | ၂၄၅၃ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



# ဒလမြို့နယ်၌ ကျေးလက်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကျေးလက်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဒလမြို့နယ် ညောင်ပင်ကျေးရွာ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတွင် ဒလမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူကျော်က အဖွင့်အမှာစကားပြောကြားပြီး ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါထွန်းက ကျေးရွာအတွင်း ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်ပေးရခြင်းနှင့် ဒလမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးနေဝင်း၊ ဒလမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူကျော်၊ ဒလမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်–၂ ဦးရွှေလှိုင်၊ ဒလမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ဝဏ္ဏနှင့် ညောင်ပင်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးတို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကျေးရွာအတွင်း ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

## ယနေ့ညနေအထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများ ပြုလုပ်



နေပြည်တော် ဇန်နဝါရီ ၁၈

အကြမ်းဖက် သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား ဖျက်ဆီး စော်ကားမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့တွင်လည်း ကချင်ပြည်နယ် တနိုင်းမြို့နှင့် ဗန်းမော်မြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းရှူးမြို့နှင့် ကွန်ဟိန်းမြို့တို့၌ လည်းကောင်း ပြုလုပ်ကြသည်။ ဦးစွာ ကန့်ကွက်ရှုတ်ချပွဲများသို့ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာ



အသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများအား (ဆန့်ကျင်ကြ)၊ စေတီပုထိုးနှင့်ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား(ဆန့်ကျင်ကြ)၊ လူမျိုးရေးခွဲခြား၊ သာသနာကိုစော်ကားဖျက်ဆီးနေသူများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက် အားပေးထောက်ခံသူများ(ဆန့်ကျင်ကြ)၊ အကြမ်းဖက် အားပေး လောက်ကောင်များအား (အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက်သမားများအား (အလိုမရှိ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဘီးလင်းမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် တပ်မတော်က လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများ ဒဏ်ရာရရှိမှုရှိခဲ့ကြောင်းနှင့် ဘာသာရေးအဆောက်အအုံ၊ လူနေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝင်းတာပန်ကျေးရွာအနီးသို့ ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီခန့်က တပ်မတော်က လက်နက်ကြီး ပစ်ခတ်ခဲ့သည့်အတွက် ဘုန်းကြီးကျောင်းနှင့် စေတီတစ်ဆူ လက်နက်ကြီးကျည်စ ထိမှန်ခဲ့ကြောင်း ကောလာဟလ သတင်းတု၊ သတင်းမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းတာပန်ကျေးရွာအနီးရှိ လုံခြုံရေးစခန်းတစ်ခုအား လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့က အဝေးမှလက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာအတွင်း ထိမှန်ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ပြီး အဆောက်အအုံအချို့ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ မွန်ပြည်နယ် သိမ်ဇရပ်မြို့နယ် သုံးခွကျေးရွာအတွင်း ဇန်နဝါရီ ၁၆ ရက် ည ၆ နာရီခွဲခန့်က တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်ဇရပ်မြို့နယ်အတွင်း ပစ်ခတ်မှု၊ တိုက်ပွဲဖြစ်ပွားမှုများ မရှိခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး မီဒီယာများအနေဖြင့် မြို့ရွာများ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူများမှ နယ်မြေဒေသလုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



Than Lwin Times
5h

သိမ်ဇ[illegible]ပ်မှာ စစ်တပ်လက်နက်ကြီး ပစ်ခတ်မှုကြောင့် [illegible]ရပ်သား ၂ ဦး ဒဏ်ရာရ

ကျိုက်ထို၊ ဇန်နဝါရီ ၁၈

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ [illegible]ရပ်မြို့၊ သုံးခွကျေးရွာအတွင်း စ[illegible] [illegible]စ်ခတ်လိုက်တဲ့ လက်နက်ကြီးကျည် [illegible]ပေါက်ကွဲမှုကြောင့် အရပ်သားပြည်သူ ၂ ဦး ထိခို[illegible]ဒဏ်ရာရရှိခဲ့တယ်လို့ ဒေသခံတွေရဲ့ [illegible]တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇ[illegible] [illegible] ရက်နေ့ ည ၆ နာရီခွဲအချိန်ခန့်မှာ သိမ်ဇရ[illegible]ခြေ[illegible]က် စစ်ကော[illegible]စီရဲ့ အမှတ် (၃၁၀) အမြောက်[illegible]ပ်ကနေ တိုက်ပွဲ[illegible]ရှိဘဲ ကျောက်ပုံကြီးကွင်းနဲ့သုံး[illegible]ခွကျေးရွာတွေထဲ လက်[illegible]နက် ကြီး ၅ လုံးထက်မနည်း ပစ်ခတ်ခဲ့ပါတယ်။

စစ်ကော[illegible]စီတပ်ရဲ့ လက်နက်ကြီး ပစ်ခတ်လို[illegible]တဲ့ လက်န[illegible]ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် သုံး[illegible]ကျေးရွာနေ အသက် ၁၇ နှစ်အရွယ် မောင်[illegible] [illegible]အောင်နဲ့ အသက် ၁၉ နှစ်အရွယ် မောင်လှမျိုး [illegible]ထွးတို့ ပေါင်နဲ့ကျောပြင်တွေမှာ မိုင်းစထိမှန်





Than Lwin Times
6h

ဘီး[illegible]င်းမှာ စစ်တပ်ရဲ့ လက်နက်ကြီးနဲ့လေကြော[illegible] တိုက်ခို[illegible]မှုကြောင့် ဘုရားစေတီတစ်ဆူနဲ့ လူ[illegible]အိမ် ၇ လုံး ထိ[illegible]က်ပျက်စီး

ဘီးလင်း၊ ဇ[illegible]ဝါရီ ၁၈

မွန်ပြည်နယ်၊ ဘီး[illegible]င်းမြို့နယ်[illegible] [illegible]ပန်ကျေးရွာထဲကို စစ်ကောင်စီတ[illegible] [illegible] [illegible]ကြီးနဲ့ လေကြောင်းတိုက်ခိုက်မှု[illegible] ဘုရားစေတီတစ်ဆူ၊ ဘာသာရေးအ[illegible] [illegible]တစ်လုံးနဲ့ လူနေအိမ် ၇ လုံး ထိခို[illegible] [illegible] ခဲ့တယ်လို့ KNU သထုံခရိုင်က ဇန်နဝါရီ [illegible] ရ[illegible]နေ့မှာ ထုတ်ပြန်ပါတယ်။

ပြီးခဲ့တဲ့ ဇ[illegible] ၁၅ ရက်နေ့ ည [illegible] နာရီအချိန်ခန့်မှာ စစ်ကောင်စီရဲ့ [illegible]တ်(၃) ခြေမြန်[illegible]ရင်းကနေ ဝင်းတာပန်ကျေ[illegible]ရွာအနီးကို လက်နက်[illegible]ကြီးပစ်ခတ်ခဲ့တဲ့အတွက် [illegible]လည်ထဘုန်းကြီးကျော[illegible]နဲ့ ဘုရားစေတီတစ်[illegible] လက်နက်ကြီးကျည်စ ထိမှန်[illegible]ပျက်စီးခဲ့တာပါ။

ဒါ့အ[illegible]ပြင် ဒီဇင်ဘာ ၂၆ ရက်နေ့နဲ့ ၃၁ ရက်နေ့အတွင်း စ[illegible]ကောင်စီတပ်ရဲ့ လက်နက်ကြီးနဲ့လေကြောင်း [illegible]ခိုက်မှုတွေ ပြုလုပ်ခဲ့တဲ့အတွက် ဝင်းတာပန်



# ဆားလင်းကြီးမြို့နယ် ဆားထုံးကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှုကြောင့် ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ



Khit Thit Media
2h





မြေလတ်အသံ – Myaelatt Athan
15h



နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်း တိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်တွင် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင် ရှစ်ဦး ကျဆုံးခဲ့ကြောင်းနှင့် ဆားထုံးကျေးရွာမှ နေအိမ် ရှစ်လုံးနှင့် တဲတစ်လုံးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားနေသည်ကို တွေ့ရှိရသည်။

**မီးရှို့ထွက်ပြေးသွား**

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၁၇ ရက်က ဆားလင်းကြီးမြို့နယ် ဆားထုံးကျေးရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေကြောင်း တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့်ပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ လက်လုပ်သေနတ် ၁၁ လက်၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ လက်လုပ်ဗုံးသီး ငါးလုံး၊ လက်လုပ်မိုင်း နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ ထို့နောက် အဆိုပါကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဆားထုံးကျေးရွာရှိ နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မော်လမြိုင်မြို့နယ် ရေပိုင်းအုပ်စုကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

မော်လမြိုင် ဇန်နဝါရီ ၁၈



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့နယ် ရေပိုင်းအုပ်စုကျေးရွာများရှိ ကော့ပေါက်ကျေးရွာ၊ ကော့စိန်ကျေးရွာနှင့် ကော့တွန်ကျေးရွာများသို့ရောက်ရှိပြီး ကော့ပေါက်ကျေးရွာ ကွင်းအမှတ်(၃၆၉)ရှိ မတ်ပဲ၊ မြေပဲ၊ နေကြာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့စစ်ဆေးရာတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကော့စိန်၊ ကော့ပေါက်၊ ကော့တွန်ကျေးရွာများရှိ ဆီထွက်သီးနှံ၊ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ ကော့တွန်ကျေးရွာ၏ သီးနှံစိုက်စွမ်းအား ၁၉၅ ရာခိုင်နှုန်း၊ ကော့ပေါက်ကျေးရွာ၏ သီးနှံစိုက်စွမ်းအား ၁၈၇ ရာခိုင်နှုန်း၊ ကော့စိန်ကျေးရွာ၏ ကိုင်း၊ ကျွန်း၊ ဥယျာဉ်မြေ ၇၅၈ ဧကတွင် ကွမ်း၊ အုန်းသီး၊ ငှက်ပျော နှစ်ရှည်သီးနှံများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအတွက် ရေ၊ မြေ၊ ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်နှင့် မြေဩဇာများရရှိရေး၊ သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးတို့ကိုလည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကော့တွန်ကျေးရွာရှိ ဖီးကြမ်းငှက်ပျောနှင့် မတ်ပဲစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေနှင့် ကျေးလက်လမ်းဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ သန်းဖြင့် ဆောင်ရွက်နေသည့် ကော့တွန်ကုလားဆိပ်မှ ကော့ပေါက်ကျေးရွာသို့ ဆက်သွယ်သောလမ်း(၀.၅ ကီလိုမီတာအကြား) ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြေထိန်းနံရံပေါင် တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်မည့် ကော့တွန်ကျေးရွာအုပ်စုရှိ ကုန်ထုတ်လမ်း မြေသားညှိခြင်းဆောင်ရွက်မည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ပေါက်ကျေးရွာ ကျောင်းဟောင်းဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တအာနန္ဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကော့တွန်၊ ကော့ပေါက်၊ ကော့စိန်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၊ တောင်သူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တက်ရောက်လာသော ပြည်သူများနှင့် တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာမှ ခေတ်မီစံပြစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သန်လျင် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများဆောင်ရွက်နေမှုတို့ကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်းသည် သန်လျင်ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးတို့နှင့်အတူ ကရင်ဆိပ်ကျေးရွာ ခေတ်မီစံပြကျေးရွာစီမံကိန်းဖြင့် ကွန်ကရစ်လမ်းလေးလမ်းခင်းခြင်း၊ အမှိုက်ကန်တည်ဆောက်ခြင်းနှင့် စာကြည့်တိုက်တည်ဆောက်နေခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်လင်းသန်းသည် လုပ်ငန်းအခက်အခဲများအား ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျေးရွာသန့်ရှင်းသာယာလှပရေးနှင့် စီမံကိန်းလုပ်ငန်းများ ရေရှည်ကောင်းမွန်နိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။ **တင်ဝင်းတင်**

**✳ အာဆီယံမှ**

ချန်ပီယံရှစ်ပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲများအနက် အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲများတွင် မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အသင်းအချို့မှာ လေ့ကျင့်မှုများစတင်ပြုလုပ်နေပြီဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် Asean Mitsubishi Electric Cup ပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် လည်းကောင်း၊ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ ၂၀၂၅ ခုနှစ် မေလအထိ လည်းကောင်း ကျင်းပမည်ဖြစ်သည်။ အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို ဇွန်လတွင် အင်ဒိုနီးရှားနိုင်ငံ၊ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ၊ အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို မေလတွင် ထိုင်းနိုင်ငံ၊ အာဆီယံ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာလတွင် ထိုင်းနိုင်ငံတို့၌ ကျင်းပမည်ဖြစ်ပြီး အာဆီယံအမျိုးသမီးပြိုင်ပွဲကျင်းပမည့်ကာလနှင့် အိမ်ရှင်နိုင်ငံကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကျင်းပခြင်းရှိ မရှိ ထပ်မံထုတ်ပြန်မည်ဖြစ်သည်။
**ကိုညီလေး**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Su Nandar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မှော်(တောင်)ရပ်ကွက်နေ မစုနန္ဒာကျော်(ခ)နန္ဒာအား မွန်းလွဲ ၂နာရီ၁၅မိနစ်တွင်ချမ်းမြသာစည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံ အိုးအိမ်စက်မှုဇုန်ရှိ Honey Garment Industry Limited-2 အထည်ချုပ်စက်ရုံနှင့် EMC Manufacturing Limited အိတ်ချုပ်စက်ရုံတို့တွင် အလုပ်သမားဝန်ကြီးဌာန ခရိုင်အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်သက်ဆိုင်သည့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟေမာန်အိနှင့် ဦးစီးအရာရှိ ဦးမြတ်ထွဋ်ဦးတို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

# ဗဟန်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ဗဟန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ထို့နောက် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်လွင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ယင်းနောက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။
**အောင်မြင့်(ပြန်/ဆက်)**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ/ပရီမီယံဒီဇယ်ဆီ/ ဓာတ်ဆီ | ၄၀၂၇၃၂/၅၉၀၀၀/ ၂၀၀၀၀ ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၁-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁-၂-၂၀၂၄ ရက်နေ့ (၁၂:၀၀)နာရီနောက် ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁-၃၈၈ ၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ဦးဇွဲရဲအောင် (ဘ-ဦးသောင်းအေး) (၁၂/အစန (နိုင်) ၂၂၈၀၃၃) ကိုင်ဆောင်သူ သိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ အင်းဝ (၄) လမ်း၊ အမှတ် (၅၃၂/ အေ-ခ) နေ ဦးမျိုးမင်းသိန်း (ဘ) ဦးဘွန်သိန်း (၁၂/မကရ (နိုင်) ၀၀၄၇၄၃) ကိုင်ဆောင်သူမှ အသိပေး အကြောင်းကြားသည်မှာ -

လူကြီးမင်းနှင့် ကျွန်ုပ်သည် (၁၄-၁၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်-၂၈၀၊ စတုတ္ထထပ် (၄-လွှာ/ယာ) အခန်းနှင့်စပ်လျဉ်း၍ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်း အဝယ်ကတိစာချုပ် ပြုလုပ်ချုပ်ဆိုခဲ့သည့်စာချုပ်ပါ စည်းကမ်းချက် အပိုဒ် (၅) ပါအတိုင်း ရက်သတ္တပါတ် တစ်ပါတ်အတွင်း နောက်ဆုံးထား ဖြေရှင်းဆောင်ရွက်ပေးပါရန်နှင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက နစ်နာမှုကိစ္စအဝဝအား လူကြီးမင်းမှ တာဝန်ယူ ဖြေရှင်းပေးရမည် ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

ဦးမျိုးမင်းသိန်း
၁၂/ရကန (နိုင်) ၀၀၄၇၄၃

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်း၊ အမှတ်-၃၉(အေ) နေ ဦးမျိုးမင်း (၁၂/ဥကတ (နိုင်)၁၃၁၁၅၇) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မြို့သစ်(၂) လမ်း၊ အမှတ်-၄၊ (တ-ထပ်)နေ ဒေါ်အိသက်ခိုင် ( ၁၂/တမန (နိုင်) ၁၀၂၈၂၀) ကိုင်ဆောင်သူများ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေသည် **ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၆၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၂၄၇/က၊ အကျယ် (၂၀x၆၀) ပေ ၊ ဧရိယာ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက် နှင့်တကွ ယင်းမြေပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး** တို့နှင့်ပတ်သက်၍ တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ **ဦးမောင်မောင်လေး (၁၂/ဗဟန (နိုင်) ၀၄၆၆၇၉)** ကိုင်ဆောင်သူထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် (၁၈-၁-၂၀၂၄) ရက်နေ့တွင် စရံငွေတချို့အား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေ အဆောက်အဦး တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သည့် မူရင်းစာရွက်စာတမ်းများဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်း နှင့် ဒေါ်အိသက်ခိုင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးထွန်းသန့်ဇင်အောင် LL.B, WIPO, DLP (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၉)**
**ဖုန်း-၀၉ ၅၁၅၀၄၀၃**

**ဦးသန်းလွင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၇၁၁)**

**ဒေါ်နှင်းဝတ်ရည်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၁၀၉၇)**

**အမှတ်-၁၃၅ ၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့်စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Catalytic Media Filter(DMI-65) | ၇၅၀ အိတ် |
| (ခ) | HDPE ပိုက်နှင့်ပိုက်ဆက်ပစ္စည်း | 1 Lot |
| (ဂ) | သံချောင်းလုံးအရွယ်စုံ/MS Plate | 2/1 Lots |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၁-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၆-၁-၂၀၂၄ ရက်နေ့(၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်)၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကွမ်းခြံ(၇)လမ်း၊ တိုက်အမှတ်(၂၀/၂၄)၊ အခန်း(၀၀၁)၊ မြေညီထပ်တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသော ဒေါ်အေးအေးစန်း [၁၂/ကမရ(နိုင်)၀၆၁၁၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာစိုး [၇/ဖမန(နိုင်)၁၀၈၅၀၃]က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသောစာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊ (ပ)ထပ် Strand Condominium**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၃)လမ်း၊ တိုက်အမှတ်(၆၄)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦမှ (တတိယထပ်/ခြေရင်းခန်း)တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ဥမ္မာမြင့် [၁၂/မရက(နိုင်)၁၃၃၀၂၄]ထံမှ ဦးမောင်သောင်းရွှေ [၁၁/မဥန(နိုင်)၀၀၅၇၈၆]နှင့် ဒေါ်စောမြတ်နွယ်[၁၁/မဥန(နိုင်)၀၀၄၈၉၂] တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်သောင်းရွှေနှင့် ဒေါ်စောမြတ်နွယ်တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁-၂၀၂၄ ထုတ် စာမျက်နှာ(၂၃)တွင်ပါရှိသော ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ်(၂၃) (၇)လွှာဘီ၊ Mini Condo တိုက်ခန်းဟု ပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသိမ့်သိမ့် (LL.B)(D.M.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၀၇၁)**
**အမှတ်(၂၄)၊ (၄-B)၊ နီဗွာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-765188412**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ မြေကွက်အမှတ်(၄၄၄/ခ)၏ မြေအကျယ်အဝန်း (၂၀x၆၀)ပေထဲမှ မြေကွက်အမှတ်(၄၄၅)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၁၀x၆၀)ပေရှိ ဦးလှမောင် (CG-၀၇၈၂၇၁) အမည်ပေါက် မြေချပါမစ်(မိတ္တူ)ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ညိုယဉ်ချော[၁၄/လပတ(နိုင်)၁၂၀၁၅၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)**
**(LL.B, D.I.L)**

**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B, D.B.L, D.I.L, WIPO switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## "(၁၁-၁-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၃)ပါ ကြေညာချက်နှင့်ပတ်သက်၍ ဒေါ်မေသူကျော် [၁၂/လမန(နိုင်)၁၅၃၃၅၃]နှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်(၁)လမ်း၊ တိုက်အမှတ်(၁၃)၊ အခန်း(၂၀၇)၊ အကျယ်အ ဝန်း(၇၅၀)စတုရန်းပေရှိ ဒေါ်အေးအေးဌေး အမည်ပေါက်လျက်ရှိသော အိုးအိမ်တိုက်ခန်းအား ဒေါ်အေးအေးဌေးမှ ဒေါ်ယဉ်ယဉ်ဌေးအား (၃-၆-၂၀၁၆)ခုနှစ်ကတည်းက အပြီးအပိုင်အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ ရောင်းချခဲ့ပြီး ယခုတိုက်ခန်းတွင် ပိုင်ရှင်ဖြစ်သူ ဒေါ်ယဉ်ယဉ်ဌေး၏ မိသားစုများသာ နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်သည့်တိုက်ခန်းနှင့်ပတ်သက်၍ မမှန်မကန်ကြေညာချက်ထည့်သွင်းထားခြင်းအား ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ရုပ်သိမ်းပေးခြင်းမရှိပါက ဥပဒေအရသာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်မေသူကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်ဌေး[၁၀/သထန(နိုင်)၁၃၃၉၃၉]၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုဆင့် LL.B, DBL, DML, DIL, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၁၉၃၉(၃၁-၁-၂၀၁၇)**
**အမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**Ph: 09-421152435**

## "အများသိစေရန် ကြေညာချက်"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းဝင်း[၁၂/မဘန(နိုင်)၁၀၄၈၁၃] နှင့် ဒေါ်ခင်ခင်ဝင်း [၁၂/မဘန(နိုင်)၁၁၃၂၀၁]တို့သည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ အကြင်လင်မယားအဖြစ် (၁၉)နှစ်ခန့်ပေါင်းသင်းခဲ့ကြပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်ကြတော့သည့်အတွက် မှော်ဘီခရိုင်တရားရုံးတော်တွင် (၁၅-၁- ၂၀၂၄)ရက်နေ့က နှစ်ဦးသဘောတူ တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ဒေါ်ခင်ခင်ဝင်းနှင့်ပတ်သက်၍ စီးပွားရေး၊ ငွေရေးကြေးရေး၊ လူမှုရေးအရှုပ်အရှင်းများအား တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေနှင့် ပေါင်းသင်းစဉ်ကာလ၊ ကွာရှင်းပြတ်စဲပြီးနောက်ပိုင်းကာလ၊ ဖြစ်ပျက်ခဲ့မှုများနှင့်ပတ်သက်၍ သက်ဆိုင်သူမည်သူမဆို ကာယကံရှင်နှင့် ဖြေရှင်းဆောင်ရွက်ကြပါရန် ကျွန်ုပ်မိတ်ဆွေက တာဝန်ယူ ဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးထွန်းထွန်းဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟအောင်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၉၁၀)(၃၁-၁-၂၀၂၂)**
**အမှတ်(၇၀၂/ခ)၊ ရုံးပေါင်းစုံလမ်း၊**
**မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့။**
**Ph: 09-425015485**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ (ဘ) ဦးအောင်မျိုးသူ [၉/လဝန(နိုင်) ၁၆၅၇၇၀]၏သား မောင်အောင်ကောင်းဆက်အား မောင်ခန့်ဝေယံထွန်းဟု ပြောင်းလဲခေါ်ပါရန်။

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ ရွှေအုန်းပင်လမ်း၊ မြေကွက်အမှတ်- ၁၁၃၆၊ ဧရိယာ (၀.၀၅၅)ဧက၊ (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိ ဦးအောင်သောင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးတင့် [၁၂/မရက (နိုင်)၀၆၉၅၄၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သီတာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၇/၂၀၁၀)**
**အမှတ်-၂၈၄၊ ဥဇ္ဇနာ(၃)လမ်း၊ (ဓ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၂၀၁၀၂၂၀၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ(၁)လမ်း၊ အမှတ် (၅၄၅)မြေ ကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦ၏ ဒုတိယထပ် (ခေါင်းရင်းဘက်ခြမ်း)၊ (၁၃x၅၄)ပေအကျယ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းဝေ [၅/မရန(နိုင်)၀၅၃၈၅၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စုစုမော် [၇/ပခန(နိုင်)၂၂၄၁၁၆]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူနိုင်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း (မူရင်းများ)နှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ |
|---|---|
| ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀) | ဦးမင်းမင်း(စဉ်-၂၇၃၂၀) |
| ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃) | ဦးဇာနည်အောင်(စဉ်-၄၉၉၆၀) |
| ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉) | ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁) |

**အမှတ်-(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း- ၀၉-၄၃၁၃၃၉၉၀၊ ၀၉-၅၁၈၁၁၈၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် Star city (B-1)၊ အခန်းအမှတ် (423)၊ အခန်းအမျိုးအစား (Type-3 Bed Room) အကျယ်အဝန်း (1261-Sqft) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်ပါရှိသော ပရိဘောဂများပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော လျှပ်စစ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချခွင့် အပြည့်အဝရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်အောင် [၁၂/ကမရ (နိုင်)၀၁၄၀၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ အထက်ဖော်ပြပါ တိုက်ခန်းတန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များယူဆောင်၍ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူမာ LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၃၉၇၃ (၂၉-၁၂-၂၀၁၇)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ (၀.၃၃၀)ဧက၊ မြေကွက်အမှတ် (ဥ-၄၀၅၇)၊ Asia World Co.,Ltd အမည်ပေါက် ပါမစ်မြေကွက်အား Asia World Co.,Ltd အမည်ဖြင့် မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၃)ရပ်ကွက်၊ မြေကွက်အမှတ်(၃၁)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်ဝင်းစိန်(DNU-၁၀၅၂၇) အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း


၁။ ဖော်ပြပါမြေကွက်အား အရောင်းအဝယ် အရပ်ကတိစာချုပ်များအရ ဒေါ်ဝင်းစိန် အမည်ပေါက် ပါမစ်မူရင်းနှင့်တကွ လက်ရှိထားပိုင်ဆိုင်၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ မစုကလျာလှိုင် (ဘ) ဦးဝင်းမြင့် [၇/ပမန(နိုင်)၁၉၈၆၈၃]ထံမှ ကျွန်ုပ်မိတ်ဆွေမကေဇင်ဟန် (ဘ) ဦးအိုက်ခွန်း [၁၂/ဒဂမ(နိုင်)၀၂၉၆၅၉]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (၁၇-၁-၂၀၂၄)နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။

၂။ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း(**မူရင်း**) အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်သဉ္ဇာဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၅၈) အမှတ်(၃၅)၊ (၃)လွှာ(ယာ)၊**
**(၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၂၃၁၆၂**

## “လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆-အရှေ့ရပ်ကွက်၊ ဝေဇယန္တာ(၁၅)လမ်း၊ အမှတ်-၈၈၃(က) ဒေါက်တာအောင်ပြည့်ဖြိုး သည် အောက်တွင်ဖော်ပြပါရှိသော လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည် -




**မှတ်ပုံတင်စာချုပ်အမှတ် - ၁၁၄၇၀/၂၀၂၃**

အထက်ဖော်ပြပါ “ရွှေပြည့်ဖြိုး” လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအား မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရွှေဆိုင်များထံသို့ ရွှေထည်ပစ္စည်းများ လက်လီ၊ လက်ကား ထုတ်လုပ် ဖြန့်ချိရောင်းချရာတွင် ကပ်နှိပ်၊ ရိုက်နှိပ်၍ တရားဝင် အသုံးပြုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ဒေါက်တာအောင်ပြည့်ဖြိုးမှလွဲ၍ အခြားသူ တစ်ဦးတစ်ယောက်မှလည်းကောင်း၊ အခြားအသင်းအဖွဲ့/ အဖွဲ့အစည်းများမှလည်းကောင်း အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပမှုများ မပြုလုပ်ကြရန် တားမြစ်လိုက်သည်။ ပြုလုပ်သုံးစွဲမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကေခိုင်ယု (LL.B.) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၈၈၈)**

**ဦးထက်စည်သူ (LL.B.) (D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၈၇၉၃)**

**အမှတ်-၈၈၃(က)၊ ဝေဇယန္တာ(၁၅)လမ်း၊ ၆-အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၉၇၉၀၈၊ ၀၉-၅၁၅၆၆၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- FMI-8၊ မြေကွက်အမှတ်-၉၀၊ ဧရိယာ(၀.၁၁)ဧက၊ မြေကွက်တည်နေရာအမှတ်-H-93၊ ရွှေသရဖီ(၂)လမ်း၊ FMI အိမ်ရာ၊ (၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးအောင်သန်း[၁၂/ရကန(နိုင်)၀၁၃၆၉၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်-ဦးအောင်သန်း[၁၂/ရကန(နိုင်)၀၁၃၆၉၃](ခင်ပွန်း)သည် (၂၅-၄-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်ခင်သန်းဌေး(ခ)ဒေါ်မေသင်းအောင်(ခ)ဒေါ်ရှယ်ရီ[၁၂/ရကန(နိုင်)၀၁၃၆၉၂]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားသောဇနီး၊ မယားမရှိကြောင်း၊ ၎င်းမှလွဲ၍အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၂၀)

## အင်းစိန်ခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၃၉

CB Bank PCL,SME ဌာန(ရုံးချုပ်) နှင့် ဒေါ်မင်းမင်းလှိုင်
(ယခင်-သမဝါယမဘဏ်လီမိတက်)
(၎င်း၏ကိုယ်စား-ဒုတိယမန်နေဂျာ
ဦးကျော်မင်းအေး)

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ်(၇၂၆)နေ “ဦးပူတူး”ရေနံချေးရောင်းဝယ်ရေးလုပ်ငန်းနေ တရားပြိုင် ဒေါ်မင်းမင်းလှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ သင်တို့အပေါ်၌ တရားလိုက **"(၁၃-၁၀-၂၀၂၃)ရက်နေ့အထိ ဘဏ်စာရင်းရှင်းတမ်းအရချေးငွေအရင်း၊ အတိုးနှင့် နောက်ကျကြေးငွေစုစုပေါင်း (၂၀,၈၆၈,၂၆၀.၉၆ ိ/-)(ကျပ်သိန်းနှစ်ရာ့ရှစ်သိန်းခြောက်သောင်း ရှစ်ထောင်နှစ်ရာ့ခြောက်ဆယ်နှင့် ကိုးဆယ့်ခြောက်ပြားတိတိ) ရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆုတ် ၆ ရက်နေ့) မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဦးလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၂၊ မြေကွက်အမှတ်-၅၉၀/ခ၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ၇၂-ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်-၅၉၀/ခ ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သိန်းသိန်းထွေး[၁၀/ပမန(နိုင်)၀၆၉၈၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်ဝင်းဦး(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၂)လမ်း၊ သန်လျင်မြို့၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒေါ်ခင်ရွှေရည်အမည်ဖြင့် ချပေးထားသော မြေကွက်အမှတ်(ဒီ-၁၆၇)၊ ဒေါ်ထားရွှေရည် အမည်ဖြင့် ချထားပေးသော မြေကွက်အမှတ်(ဒီ-၁၆၈)၊ မြေကွက်(၁)ကွက်လျှင် မြေဧရိယာ(၄၀x၆၀)ပေရှိ မြေကွက် (၂)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးဝင်းဇော်လတ် (ဘ)ဦးဇော်ဝင်း [၁၂/ရကန(နိုင်)၀၅၇၅၄၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအရောင်းအဝယ်ကတိစာချုပ်မူရင်း၊ စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ ကွင်းအမှတ်(၆၇၅/အေ)၊ ဗိုလ်ချုပ်တောင်ကွင်း၊ ဦးပိုင်အမှတ်-၅၆/၁၂၊ ၅၉၊ ၆၀/၁၊ ၆၁/၁၊ ၆၂/၂၊ မြေဧရိယာ(၆.၀၀)ဧကရှိ ဦးနိုင်ဝင်းအောင်ပါ-၃ အမည်ပါ ဥယျာဉ်ခြံမြေအား အကွက်ရိုက်ကာ မြေကွက်အမှတ်(၃၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးနိုင်လင်းထွန်း(ဘ)ဦးအောင်နိုင် [၁၂/သလန(နိုင်)၁၁၄၄၂၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

